ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက် တွင် စတင်ထုတ်ဝေသည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့ (25-4-2014) (၇၈၂၁)

ထူးခြားသည့် နေ့အပူချိန်များ

မော်လိုက်	၄၄ ဒီဂရီစင်တီဂရိတ်
ချောက်	၄၄ ဒီဂရီစင်တီဂရိတ်
ကလေးဝ	၄၃ ဒီဂရီစင်တီဂရိတ်
ကလေး	၄၃ ဒီဂရီစင်တီဂရိတ်
မကွေး	၄၃ ဒီဂရီစင်တီဂရိတ်
ဂန့်ဂေါ	၄၃ ဒီဂရီစင်တီဂရိတ်

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

မိမိတို့နိုင်ငံ၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လိုအပ်နေ

ရန်ကုန် ဧပြီ ၂၄

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရှင်စောပုခန်းမ၌ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ စီမံခန့်ခွဲရေးကော်မတီများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ စည်ပင်သာယာရေးကော်မတီများ၊ နိုင်ငံရေးပါတီများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားသည်။ (အောက်ဝဲပုံ)

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာရေး ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့၍ ဖြစ်ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပခဲ့ပြီး ရွေးကောက်ပွဲရလဒ်များအရ လွှတ်တော်များ ပေါ်ပေါက်ခဲ့ပြီး ၂၀၁၁ ခုနှစ် မတ်လတွင် အစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ရန်ကုန်–မန္တလေး မီးရထားလမ်းတစ်လျှောက် OFC Cable အား ကျခံပြုပြင်၍ ငှားရမ်းဆောင်ရွက်မည့် အဖွဲ့အစည်းအား တင်ဒါစတင်ခေါ်ယူမည်

ရန်ကုန် ဧပြီ ၂၄

မြန်မာ့မီးရထားသည် အခြားကမ္ဘာ့နိုင်ငံများ၏ မီးရထားများနည်းတူ ခရီးသွားပြည်သူများနှင့် ကုန်စည်ပို့ဆောင်သူများ အဆင်ပြေစေရေးအတွက် နိုင်ငံတော်မှ စိုက်ထုတ်ကုန်ကျငွေ (Subsidize) ကုန်ကျခံကာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ချက်များအရ မြန်မာ့မီးရထားအနေဖြင့် Subsidize ကို လျှော့ကျစေနိုင်ရေးအတွက် ယခုအခါ အဓိကလုပ်ငန်းကြီးနှစ်ရပ်ကို ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။ အဆိုပါ အဓိကလုပ်ငန်းကြီးနှစ်ရပ်အနက် တစ်ခုမှာ ရန်ကုန်ဘူတာကြီး အနီးတစ်ဝိုက်ရှိ စီးပွားရေးအချက်အချာကျ မြေနေရာများကို ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိခြင်းနှင့် အခြားတစ်ခုမှာ မီးရထားလမ်းတစ်လျှောက်ရှိ မီးရထားပိုင် မြေနေရာများကိုအသုံးပြု၍ Optical Fiber Cable ဆက်ကြောင်းများ တည်ဆောက်ခြင်းကို

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတကာ မီးရထားလမ်းတစ်လျှောက် Optical Fiber Cable ဆက်ကြောင်းများ ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

ယနေ့ **မာတိကာ**

၂၀၁၄ ခုနှစ် ဘက်စုံပညာ ထူးချွန်လူငယ်များ
စာမျက်နှာ - ၆

ပဉ္စမ္ဗူစာပေဆုများ ထုတ်ပြန်ကြေညာ၊ တစ်သက်တာစာပေဆု ဆရာကြီး တက္ကသိုလ်တင်ခ ရရှိ
စာမျက်နှာ - ၇

(၁၀)ကြိမ်မြောက် ချန်ပီယံဖြစ်လာရန် ရီးယဲလ်နီးစပ်မှုရှိနေ
စာမျက်နှာ - ၁၃

ကြေးမုံစာတည်းရှုထောင့် ၂၃-၅-၂၀၁၄၊ သောကြာနေ့

မိုဘိုင်းဖုန်းနှင့် သူတို့ . . .

ဟိုးယခင်ကဆိုလျှင် လူတိုင်း လက်ကိုင်ဖုန်းကိုင်နိုင်ဖို့ဆိုတာ အိပ်မက်ပမာဖြစ်စဉ်တစ်ခုပါ။ ယခုခေတ်အခါ နိုင်ငံတော်အစိုးရမှ မြန်မာနိုင်ငံတစ်နံတစ်လျား တန်ဖိုးနည်းမိုဘိုင်းဖုန်းများ ချပေးလိုက်သည့်နောက်ဝယ်ပြည်သူတို့၏ဆက်သွယ်ရေးကဏ္ဍမှာ အဆင်ပြေလွယ်ကူ ချောမွေ့နေကြပါပြီ။

ကျေးရွာတွေမှာဆိုလျှင် လယ်သမားတွေလည်း ဖုန်းနဲ့၊ နွားကျောင်းသားတွေ၊ ဆိတ်ကျောင်းသားတွေ၊ ဘဲကျောင်းသူတွေလည်း ဖုန်းနဲ့၊ မြို့ကြီးပြကြီးတွေဆိုလည်း ကြည့်ဦး။ ဆိုက်ကားဆရာတွေလည်း ဖုန်းနဲ့၊ ကုန်စိမ်းသည်တွေလည်း ဖုန်းနဲ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားတွေလည်း ဖုန်းနဲ့ကျောင်းသားကျောင်းသူတွေလည်း ဖုန်းနဲ့။

လက်ကိုင်ဖုန်းလေးတွေကိုယ်စီရှိတော့ တစ်ဦးနဲ့တစ်ဦး လူမှုရေးကိစ္စ၊ စီးပွားရေးကိစ္စ၊ သာရေးနာရေးကိစ္စနှင့်တကွ ပဋိသန္ဓာရစကားတွေလည်း ဆက်သွယ်နှီးနှောနိုင်ကြသည်။ 'ကိစ္စများမြောင် လူတို့ဘောင်'ဆိုသကဲ့သို့ လူတွေမှာ 'နေ၊ စား၊ ဝတ်ရေး'ဆိုတဲ့ အာရုံတွေထွေပြားလှသည့်ကြားထဲမှ မိုဘိုင်းဖုန်းကို ကြည့်ရတဲ့အာရုံတစ်ခု တိုးလာကြပါ၏။

အချို့အချို့သော သူများသည် လက်ကိုင်ဖုန်းကို အလွန်အာရုံစိုက်လွန်းကြပေသည်။ ကားဆရာတွေဆိုလည်း ကားမောင်းရင်း လက်တစ်ဖက်က ဖုန်းပြောတတ်ကြ၏။ ဈေးသည်ကလည်း ဈေးရောင်းနေတုန်း ဖုန်းကို ဟိုတို့သည်တို့။ ဝန်ထမ်းတွေကလည်း ဖုန်းကိုပဲကြည့်ပြီး ဂိမ်းကစားနေတတ်သည်။ တောင်စဉ်ရေမရ ဖုန်းပဲ 'ကလိ'နေကြ၏။

ကျွန်တော် စဉ်းစားကြည့်မိသည်။ သူတို့တွေ လက်ကိုင်ဖုန်းကိုပဲ အာရုံစိုက်နေကြပြီလား။ လက်ကိုင်ဖုန်းတွေ မတွင်ကျယ်မီက ဘာတွေကို အာရုံစိုက်နေကြသနည်း။

ဥပမာအားဖြင့် ကားဆရာတွေ ကားမောင်းရင်း ဖုန်းပြောလို့ ကားတိုက်မိလျှင် အသက်ပါဆုံးရှုံးနိုင်သည်။ ဈေးသည်တွေ ဈေးရောင်းနေတုန်း ဖုန်းကိုစိုက်ကြည့်ပြီး ဂိမ်းကစားနေလျှင် ဝယ်သူက အားနာလို့ ကျော်သွားတတ်သည်။ ဝန်ထမ်းတွေ အလုပ်ခွင်ထဲမှာ ဖုန်းကိုပဲ ကြည့်ပြီး ဟိုရွှေ့ သည်ရွှေ့လုပ်နေလျှင် အလုပ်တွင် အမှားပါတတ်သည်။ ကျောင်းသား ကျောင်းသူတွေ ဖုန်းနဲ့ ဂိမ်းကစားနေလျှင် မိမိတို့ကျက်မှတ်ထားသော ကျောင်းစာတွေ မေ့တတ်၏။

ကျွန်တော့်အသိ မိသားစုတစ်စုသည် ကလေးငယ်အား လက်ကိုင်ဖုန်းကိုပေးကစားခဲ့ရာ ကလေးလက်ကပဟန်းဆက်လွတ်ကျလို့ ပျက်စီးပြီး နောက်တစ်လုံးဝယ်ရန် အားခဲရတော့သည်။ အချို့လည်း မိုဘိုင်းဖုန်းကို အသုံးပြု၍ နှစ်လုံးထီလှမ်းထိုး ရောင်းဝယ်နေသည်မှာလည်း စိတ်ပျက်စရာပါ။

စာရေးသူ၏ သူငယ်ချင်းတစ်ယောက်သည် လျှပ်စစ်မီးဖြင့် ပလပ်ပေါက်ထိုး၍ ကြက်ဥပြုတ်ထားစဉ် လက်ကိုင်ဖုန်းကို စိတ်ဝင်စားစွာ 'ကလိ'နေရာ ကြက်ဥပြုတ်ရေများ ခန်းခြောက်တူးခြစ်ကာ မီးခိုးများထွက်လာမှ ပျာပျာသလဲ ပလပ်ကြိုးထဖြုတ်လိုက်ရသည်။ ထို့အတူ လမ်းထဲမှ အမျိုးသမီးငယ်တစ်ယောက် ထမင်းအိုးတည်ရင်း ဖုန်းနဲ့ဂိမ်း ကစားနေ၍ ထမင်းအိုးကြီး ပျော့ပြဲကုန်၏။

ဖွံ့ဖြိုးပြီးနိုင်ငံကြီးများမှ လူများသည် ၎င်းတို့၏ နိစ္စဓူဝအလုပ်ကိစ္စများကို တက်သုတ်ရိုက်လုပ်နေကိုင်နေကြရပေရာ ဖုန်းကိုပဲထိုင်ပြီး စိုက်ကြည့် 'ကလိ'နေဖို့ အချိန်မရှိ။ ဖုန်းသံမြည်မှသာ ဖုန်းကိုကိုင်ဖို့ အချိန်ပေးကြ၏။ ဤသည်ကား အတုယူစရာပါ။ မိမိတို့မြန်မာလူငယ်တွေအနေဖြင့် အခြားအခြားသော နိုင်ငံများမှ အတုယူမမှားကြစေလိုပါ။

ဤသို့ လူမှုဆက်သွယ်ရေးအတွက် အလွန်အရေးပါလှသော ဤမိုဘိုင်းဖုန်းများကို မလိုအပ်ဘဲ အချိန်ဖြုန်းအသုံးပြုမည့်အစား အရေးပါအရာရောက်သည့် ဆက်သွယ်ရေးအတွက်သာ အကျိုးရှိရှိအသုံးပြုကြစေလိုကြောင်း အကြံပြုလိုက်ရပေသည်။ ။

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် မလွယ်ကူလှ တောင်သူများအား အစိုးရအဖွဲ့များက နည်းလမ်းရှာ၍ ကြိုးပမ်းဆောင်ရွက်ပေးရန်လို

နေပြည်တော် မေ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု၌ လုပ်ကွက်ငယ်၊ လယ်ကွက်ငယ် လယ်မြေ ဧက ၃၅၀ အား စက်မှုလယ်ယာမြေ စနစ်ကူးပြောင်း အကောင်အထည်ဖော်နေသော လုပ်ငန်းခွင်သို့ ရောက်ရှိပြီး စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကြီးများဖြင့် မြေယာပြုပြင်နေမှုများနှင့် ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်း၊ ရေနုတ်မြောင်းများ ဖောက်လုပ်ရန် မြေပြင်ကွင်းဆင်း တိုင်းတာဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက်ကျေးရွာရှိ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ် စပ်မျိုးစပါး ဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ကွင်း၊ ပျဉ်းမနားမြို့နယ် ငလိုက်ဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုး နွေစပါးဧက ၄၄၀ စိုက်ခင်း၊ရန်ကုန်-ပျဉ်းမနား လမ်းဟောင်းအနီး တောင်သူပညာပေးစိုက်ကွင်းရှိ ဂျပန်နိုင်ငံ ဈေးကွက်သို့ မိတ်ဆက်တင်ပို့ရန် မျိုးသန့်မျိုးပွားစိုက်ပျိုးထားသော ဂျပန်မုရင်းမျိုး ကန်စွန်းစိုက်ခင်း၊ ဂျပန်မုရင်းမျိုး ပိန်းဥမျိုးသန့်မျိုးပွားစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် စိုက်ကွင်းများအတွင်း ကွင်းဆင်းစစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားရာတွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရောက်ရှိရန်မှာ လွယ်ကူလှသည့် လုပ်ငန်းတစ်ရပ် မဟုတ်သော်လည်း မိမိတို့၏ တာဝန်ဖြစ်သည်ဟု လေးနက်စွာခံယူကြပြီး အဘက်ဘက်မှ ငွေကြေးအရင်းအနှီး အပါအဝင် အခက်အခဲရှိနေကြသည့် တောင်သူများအား နိုင်ငံတော်အစိုးရနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များက နည်းလမ်းများရှာဖွေ၍ မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ခေတ်နောက်ကျကျန်နေသော မိမိတို့နိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အခြားသော အိမ်နီးချင်းနိုင်ငံများနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ပေးနိုင်ခြင်းသည် တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် လယ်ယာလုပ်ငန်းတွင် ပျော်ရွှင်ချမ်းမြေ့မှုဖြစ်သည်ဟု လေးနက်စွာ ခံယူရမည်ဖြစ်ကြောင်း။

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ အလုံအလောက် ဖြည့်တင်းရန်လိုအပ်ချက်ကို နိုင်ငံတော်အပိုင်းကလည်းကောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအပိုင်းက လည်းကောင်း၊ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ပင် စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင် အသုံးပြုနိုင်မည့် ကျွမ်းကျင်ဝန်ထမ်းများ အလုံအလောက်မွေးထုတ်ပေးရန် အဓိကတာဝန်ရှိကြောင်း။

တောင်သူလယ်သမားများအတွက် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့် ဆန်စပါး အပါအဝင် ဈေးကွက်ဝင်သီးနှံ အမယ်သစ်များ၏ မျိုးကောင်းမျိုးသန့်မျိုးစေ့များကို အလုံအလောက် ဖြန့်ဖြူးပေးနိုင်ရေးတာဝန်ကို စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများအနေဖြင့် လက်တွေ့စိုက်ပျိုးရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန်	မေ ၂၄	
ရန်ကုန် ရွှေဈေး	၆၅၈၅၀၀	- ၆၅၉၅၀၀
မန္တလေး ရွှေဈေး	၆၅၈၅၀၀	- ၆၅၉၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၃၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၂၉. ၆
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၆. ၃၅
(ဃ)	တရုတ်	တစ်ယွမ်	= ၁၅၄. ၂၂
(င)	ထိုင်း	တစ်ဘတ်	= ၂၉. ၇၄၂
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၄. ၈၇
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၇၆၈
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၃၈. ၉၅
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၆၆၉
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၉၄. ၅၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ရန်သူမီးဘေး တားဆီးရေး မနှေးဆောင်ရွက်ကြ

ပြည်တွင်းရေးရာ

မော်လမြိုင်-ထားဝယ်-မြိတ်-ကော့သောင်းလမ်းဖောက်လုပ်ရေးဆွေးနွေး

နေပြည်တော် မေ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်အား China Exim Bank မှ Deputy General Manager Mr. Mei Jianping ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၄ ရက် နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ တွေ့ဆုံ၍ မော်လမြိုင်-ထားဝယ်-မြိတ်-ကော့သောင်းလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး နေပြည်တော်၌ ကျင်းပမည် သတင်းရယူမည့် မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

နေပြည်တော် မေ ၂၄

(၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး (24^{th} ASEAN SUMMIT)ကို မေ ၁၀ ရက်မှ ၁၁ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များအနေဖြင့် www.asean 2014. gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ 24^{th} ASEAN SUMMIT ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို မေ ၃၀ ရက် နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်၊ ထွက်ခွင့်ကတ်များ ထုတ်ပေးခြင်းကို မေ ၉ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာမြန်မာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက အာဆီယံရေးရာဦးစီးဌာန ဖုန်း-၀၆၇-၄၁၂၂၂၇ နှင့် ၄၁၂၀၅၇ တို့သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်၊ ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅နှင့် ၄၁၂၁၂၆ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေး နေပြည်တော်၌ ကျင်းပမည် သတင်းရယူမည့် မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

နေပြည်တော် မေ ၂၄

(၂၃) ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးကို မေ ၁၉ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် www.asean 2014. gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ ASEAN Labour Ministers' Meeting (ALMM) ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို မေ ၁၀ ရက် နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်၊ ထွက်ခွင့်ကတ်များ ထုတ်ပေးခြင်းကို အစည်းအဝေးစတင်သည့် မေ ၁၉ ရက် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ သတင်းထောက်များအနေဖြင့် နီးစပ်ရာ မြန်မာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၃၀၁၁၉ သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်၊ ထွက်ခွင့်ရရှိရေးနှင့် ပတ်သက်၍ သိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၆ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမုန်းတရားကို ပွားများစေသည့် ရေးသားဟောပြောချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

ရန်ကုန် မေ ၂၄

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် Friendrich Ebert Stiftung (F E S) တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် အမုန်းတရားကို ပွားများစေသည့် ထုတ်ဖော်ရေးသားဟောပြောချက်များ (Hate Speech)နှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star Hotel ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က မိတ်ဆက်စကား ပြောကြားသည်။

ထို့နောက် F E S မှ Media Law Consultant နှင့် University of Ulster, School of Law မှ Seinor Lecture Dr. Venkatlyer (B.Sc. Hons, LLB, LLM, Ph.D, B.L) **(ယာပုံ)**က အမုန်းတရားကို ပွားများစေသည့် ရေးသားဟောပြောချက်များနှင့် ပတ်သက်သော နိုင်ငံတကာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကြုံတွေ့နိုင်သည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများက ဆွေးနွေးမေးမြန်းကြရာ Dr. Venkatlyerက ပြန်လည်ဆွေးနွေးပြီး ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)၊ မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂ၊ ဂျာနယ်လစ်ကွန်ရက်များမှ ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အမျိုးသားစီမံခန့်ခွဲမှုကောလိပ် သတင်းအတတ်ပညာသင်တန်း၊ UNESCO၊ F E S မှ တာဝန်ရှိသူများ၊ မီဒီယာများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

ရန်ကုန် မေ ၂၄

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် (၁၁၀)ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ စီမံကိန်းဥပဒေကြမ်းအား ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလှထွန်းက လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသည်။

ယင်းနောက် လွှတ်တော်သို့ တင်သွင်းသော အဆိုသုံးရပ်အား လက်ခံဆွေးနွေးရန် သင့်၊ မသင့်ကို လွှတ်တော်၏ သဘောတူညီချက်ရယူပြီး တိုင်းဒေသကြီးလွှတ်တော် အဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

ယနေ့ တိုင်းဒေသကြီးလွှတ်တော်(ဒုတိယနေ့)ကျင်းပမှုအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်(၅၄)ဦး လာရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေကျင်း မေ ၂၄

ဒုတိယကမ္ဘာစစ်အတွင်း ကာလမှ အကြွေးနှင့် စပ်လျဉ်း၍ ဖမ်းဆီးထားသော ဂျပန်ကုန်သင်္ဘောတစ်စင်းကို လျော်ကြေးငွေများ ရရှိပြီဖြစ်သည့်အတွက် လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း တရုတ်နိုင်ငံတရားရုံးက ကြာသပတေးနေ့တွင် ကြေညာချက်ထုတ်ပြန်သည်။

ဖမ်းဆီးထားသော ဂျပန်သင်္ဘောကို လျော်ကြေးငွေရ၍ တရုတ်ပြန်လွှတ်ပေး

ရှန်ဟိုင်းရေကြောင်းဆိုင်ရာ တရားရုံးက မစ်ဆူအီအိုအက်(စ်)ကေ သင်္ဘောလိုင်းကုမ္ပဏီပိုင်ဆိုင်သော 'ဘာအိုစတီးလ်အီမိုးရှင်း' သင်္ဘောကို စနေနေ့တွင် ဖမ်းဆီးခဲ့သည်။

မစ်ဆူအီကုမ္ပဏီသည် ၎င်း၏ တာဝန်ကို အပြည့်အဝလိုက်နာဆောင်ရွက်သဖြင့် သင်္ဘောဖမ်းဆီးထားခြင်းကို ရုပ်သိမ်းခဲ့ကြောင်း တရားရုံးချုပ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

လျော်ကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၂၈သန်းနှင့် ညီမျှသော ယန်းငွေ ၂ဒသမ ၉ဘီလီယံကို ပေးအပ်ခဲ့ကြောင်း တရားရုံးက ပြောသည်။

ယွမ်ငွေ ၂ဒသမ ၄ သန်း (ဒေါ်လာ ၃၈၄၆၀၀) ကိုလည်း တရားရုံးစရိတ်အဖြစ် ပေးအပ်ခဲ့ကြောင်း ဆက်လက်ပြောကြားသည်။

သင်္ဘောသည် တရုတ်ဆိပ်ကမ်းမှ ထွက်ခွာရန်အတွက် ပြင်ဆင်လျက်ရှိကြောင်း မစ်ဆူအီ၏ ကြေညာချက်တွင် ဖော်ပြသည်။

၁၉၃၆ ခုနှစ်၌ မစ်ဆူအီ၏ ရှေ့ပြေးကုမ္ပဏီ ဒိုင်ဒိုက ငှားရမ်းခဲ့သော တရုတ်သင်္ဘောနှစ်စင်းအတွက် လျော်ကြေးငွေမပေးသဖြင့် ၎င်းကုမ္ပဏီ၏ သင်္ဘောကို ဖမ်းဆီးခြင်းဖြစ်သည်။

ရှန်ဟိုင်းရေကြောင်းဆိုင်ရာ တရားရုံးက ပြန်လည် လွှတ်ပေးလိုက်သော ဘာအိုစတီးလ်အီမိုးရှင်းသင်္ဘောကို တွေ့ရစဉ်။

နောက်ပိုင်းတွင် ၎င်းသင်္ဘောနှစ်စင်းကို ဂျပန်စစ်တပ်က အသုံးပြုခဲ့ပြီး ပင်လယ်အတွင်း နစ်မြုပ်သွားခဲ့ကြောင်း ဂျပန်ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ဘီဘီစီ။

ကူးတို့သင်္ဘောနစ်မြုပ်မှု ကြုံတွေ့ရပြီးနောက် တောင်ကိုရီးယား စာသင်ကျောင်းပြန်လည်ဖွင့်လှစ်

ဆိုးလ် မေ ၂၄

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ကူးတို့သင်္ဘောနစ်မြုပ်မှုကြောင့် ပိတ်ခဲ့ရသော စာသင်ကျောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း ယနေ့ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ မြို့တော် ဆိုးလ်၏ တောင်ဘက်ရှိ ဒန်ဝမ်အထက်တန်းကျောင်းမှ ကျောင်းသူကျောင်းသားပေါင်း ၃၀၀ ကျော်သည် ယင်းရေယာဉ် မတော်တဆနစ်မြုပ်မှု၌ ပါဝင်ခဲ့သည်။

ရေယာဉ်နစ်မြုပ်မှုတွင် လေ့လာရေးခရီးထွက်လာသော ကျောင်းသားကျောင်းသူအများစု သေဆုံးခဲ့ပြီးနောက် ပျောက်ဆုံးနေသူများမှာ ရေယာဉ်နှင့်အတူ နစ်မြုပ်နေဖွယ်ရှိသည်။

ယင်းကူးတို့ရေယာဉ်နစ်မြုပ်မှုကြောင့် ရုပ်အလောင်း ၁၆၀ ကျော် ရှာဖွေတွေ့ရှိခဲ့ရသည်။ လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက အင်ချွန်ဆိပ်ကမ်းမြို့မှ ဂျေဂျူးအပန်းဖြေကျွန်းသို့ သွားရောက်စဉ် ကူးတို့သင်္ဘောနစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

အဆိုပါရေယာဉ်တွင် လိုက်ပါလာသူဦးရေ ၄၇၆ဦးအနက် ၁၇၄ဦးကို ကယ်ဆယ်နိုင်ခဲ့သည်။

ဒန်ဝမ်အထက်တန်းကျောင်းမှ ကျောင်းသူကျောင်းသားများနှင့် ဆရာ၊ဆရာမ ၂၅၀ ခန့် သေဆုံးဖွယ်ရှိကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ ၎င်းတို့ထဲမှ အသက်ရှင်ကျန်ရစ်သူ ကျောင်းသူ၊ ကျောင်းသားများမှာ ဆေးရုံတင်ကုသမှု ခံယူနေရဆဲဖြစ်သည်။

ဘီဘီစီ။

ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ လုံခြုံရေးဆောင်ရွက်နေသော ယူကရိန်းတပ်ဖွဲ့ကို တွေ့ရစဉ်။

မာရီယူပိုးလ်မြို့တော်ခန်းမကို ယူကရိန်းက ပြန်လည်သိမ်းယူပြီးဟုဆို

ကီယက် မေ ၂၄

ယူကရိန်းအစိုးရက ၎င်းတို့သည် နိုင်ငံအရှေ့ပိုင်းရှိ မာရီယူပိုးလ်ဆိပ်ကမ်းမြို့၏ မြို့တော်ခန်းမကို ရုရှားလိုလားသော ခွဲထွက်ရေးသမားများလက်မှ ပြန်လည်သိမ်းယူပြီးဖြစ်ကြောင်း ကြာသပတေးနေ့တွင် ပြောကြားသည်။

မြို့တော်အတွင်း ယမန်နေ့ညက စစ်ဆင်ရေးပြုလုပ်ရာတွင် စိုးရိမ်ဖွယ်ရာ ထိခိုက်ဒဏ်ရာရရှိကြသည့် သတင်းများမရရှိပေ။ ယင်းမြို့၌ မကြာသေးမီက ရုရှားလိုလားသော ဆန္ဒပြသူသုံးဦး သေဆုံးခဲ့သည်။

၎င်းတို့ကိုယ်၎င်းတို့ ဒွန်းနက်ပြည်သူ့သမ္မတနိုင်ငံဆိုသော ခွဲထွက်ရေးသမားများက မြို့တော်ခန်းမအား ၎င်းတို့ ထိန်းချုပ်ထားဆဲဖြစ်သည်ဟု ပြောသည်ကို ဒေသတွင်း မီဒီယာများက ကိုးကားဖော်ပြကြသည်။

ဝင်ရောက်သိမ်းပိုက်

ရုရှားလိုလားသော ခွဲထွက်ရေးသမားများက မော်စကိုနှင့် ပိုမိုရင်းနှီးစွာ ဆက်ဆံနိုင်ရေးအတွက် ကြိုးပမ်းရာတွင် ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ အနည်းဆုံးမြို့ ၁၂ မြို့၌ အစိုးရအဖွဲ့ အဆောက်အအုံများကို ဝင်ရောက်သိမ်းပိုက်ခဲ့ကြသည်။

အဇော့ပင်လယ်ဆိပ်ကမ်းမြို့ မာရီယူပိုးလ်၏ မြို့တော်ခန်းမကို ဗုဒ္ဓဟူးနေ့ ညက အသေအပျောက်မရှိ လွှတ်မြောက်စေခဲ့ပြီဖြစ်ကြောင်း ယူကရိန်းပြည်ထဲရေးဝန်ကြီး အာဆင်အဗာကော့ဗ်က ကြာသပတေးနေ့တွင် ကြေညာခဲ့ခြင်းဖြစ်သည်။ ဘီဘီစီ။

နျူ စမ်းသပ်မည့် လက္ခဏာ မြောက်ကိုရီးယားပြသဟု တောင်ကိုရီးယား ပြောကြား

ပြုံယမ်း မေ ၂၄

မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားစမ်းသပ်ရေးစခန်းရှိ ဥမင်တစ်ခုကို ဖောက်ခွဲစမ်းသပ်မှု ပြုလုပ်ရန်အလို့ငှာ ပိတ်လိုက်သည်ဟု ယူဆရကြောင်း တောင်ကိုရီးယား တာဝန်ရှိသူတစ်ဦးက မေ ၂၄ ရက်တွင် ပြောကြားသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်သို့ နှစ်ရက်ကြာ ခရီးစဉ်အဖြစ် ဆိုက်ရောက်လာခြင်းမရှိမီ နျူကလီးယား စမ်းသပ်ရေးစခန်းရှိ ဥမင်တစ်ခုကို ပိတ်လိုက်သည်ဟု ယူဆရကြောင်း အမည်မဖော်လိုသူ တောင်ကိုရီးယား တာဝန်ရှိသူက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် စတုတ္ထမြောက် နျူကလီးယားစမ်းသပ်မှုတစ်ရပ်ကို ပြုလုပ်ရန် ပြင်ဆင်နေဖွယ်ရှိသည်ဟု တောင်ကိုရီးယား ကာကွယ်ရေး ဝန်ကြီးဌာနက ယခုရက်သတ္တပတ်အစောပိုင်းတွင် သတိပေး ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ ပန်ဂီရိနျူကလီးယားစမ်းသပ်ရေးစခန်းရှိ ဥမင်လိုဏ်ကို ပိတ်ခဲ့သည်ဟု ယူဆရကြောင်း ထောက်လှမ်းရေးသတင်းရပ်ကွက်ကို ကိုးကားလျက် တောင်ကိုရီးယားတာဝန်ရှိသူက ပြောကြားသည်။

အိုဘားမား၏ ခရီးစဉ်အတွင်း တင်းမာမှုများ ဖြစ်ပေါ်စေရန် နျူကလီးယားစမ်းသပ်မှု ပြုလုပ်တော့မည့် အသွင်ဖြင့် မြောက်ကိုရီးယားနိုင်ငံက ခြိမ်းခြောက်ဖွယ်ရှိကြောင်း တာဝန်ရှိသူက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါစခန်း၌ နျူကလီးယားစမ်းသပ်မှုများကို ၂၀၀၆၊ ၂၀၀၉နှင့် ၂၀၁၃ခုနှစ်တို့တွင် ပြုလုပ်ခဲ့သည်။ **ရိုက်တာ။**

သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သော ဆေးရုံ အဆောက်အအုံကို တွေ့ရစဉ်။

ကဘူးရှိ နိုင်ငံတကာဆေးရုံ၌ ပစ်ခတ်မှုဖြစ်ပွား အမေရိကန်ဆရာဝန် သုံးဦး သေဆုံး

ကဘူး မေ ၂၄

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးရှိ နိုင်ငံတကာဆေးရုံတစ်ရုံ၌ အာဖဂန်လုံခြုံရေးအစောင့်တစ်ဦးက ပစ်ခတ်မှုကြောင့် အမေရိကန်ဆရာဝန်သုံးဦး သေဆုံးပြီး ဆေးဘက်ဆိုင်ရာ အမျိုးသမီးဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိကြောင်း မေ ၂၄ ရက် သတင်းတွင် ဖော်ပြသည်။

ယင်းပစ်ခတ်မှုကြောင့် သေဆုံးရသူများမှာ အမေရိကန်နိုင်ငံသားများဖြစ်ကြကြောင်း ကဘူးရှိ အမေရိကန်သံရုံးက အတည်ပြုပြောကြားသည်။

မေ ၂၄ ရက် နံနက် ၉နာရီ မိနစ် ၅၀ ခန့်က ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး ပစ်ခတ်သူကို ရဲတပ်ဖွဲ့က ထိန်းသိမ်းထားကြောင်း၊ အဘယ်ကြောင့် ယင်းသို့ ပြုမူဆောင်ရွက်ရသည်ကို မသိရသေးကြောင်း သံရုံးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပစ်ခတ်မှုဖြစ်ပွား

မြို့တော်ကဘူး အနောက်ဘက်ရှိ ကျူးဝါးအင်တာနေရှင်နယ် ဆေးရုံတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ဆေးရုံသည် အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားပြည်နယ်၌ အခြေစိုက်သည့် ပရဟိတအဖွဲ့တစ်ဖွဲ့က ထူထောင်ထားသော ဆေးရုံဖြစ်သည်။

ဆင်ဟွာ။

အမျိုးသားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပင်မစီမံကိန်းအပြီးသတ်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၄

လေကြောင်း၊ ရေကြောင်း၊ ကုန်းလမ်းနှင့် ရထားပို့ဆောင်ရေးကဏ္ဍအားလုံးပါဝင်သည့် အမျိုးသားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပင်မစီမံကိန်း(National Transport Development Master Plan) အပြီးသတ်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဦးကျော်လွင်၊ ဦးသန်းငွေးနှင့် သက်ဆိုင်ရာ ဌာနအသီးသီးမှ ဌာနအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် JICA(Myanmar) Office မှ Chief Representative Mr.Masahiko TANAKA ဦးဆောင်သောအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍ ရေရှည်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး စနစ်တကျဆောင်ရွက်သွားနိုင်ရန်အတွက် အဓိကလိုအပ်သော အမျိုးသားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပင်မစီမံကိန်း (National Transport Development Master Plan) ကိုအပြီးသတ်ရေးဆွဲ အတည်ပြုနိုင်ရန်ဖြစ်ပါကြောင်း၊ Master Plan ရေးဆွဲရေးလုပ်ငန်းများကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ ပို့ဆောင်ရေးနယ်ပယ်အတွင်းရှိ ဝန်ကြီးဌာနများမှတာဝန်ရှိသူများနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA) မှကျွမ်းကျင်သူပညာရှင်များပါဝင်သည့် Joint Coordination Committee ဖွဲ့စည်း၍ ပူးပေါင်းရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ လေကြောင်း၊ ရေကြောင်း၊ ကုန်းလမ်း၊ ရထားလမ်းစသော ပို့ဆောင်ရေးကဏ္ဍတစ်ရပ်လုံးအားခြုံငုံမိသည့် အမျိုးသားအဆင့် နှစ်ရှည်စီမံကိန်းတစ်ရပ်ဖြစ်ပြီး နိုင်ငံတော်မှ ရည်မှန်းထားသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ရရှိစေရန်နှင့်နိုင်ငံသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုနိုင်ရန် ရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အပြီးသတ်ရေးဆွဲထားရှိသည့် National Transport Development Master Plan ကို အဖွဲ့ခေါင်းဆောင်ဖြစ်သူ Mr. Junji SHIBATA က ရှင်းလင်းတင်ပြပြီး ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Master Plan ရေးဆွဲရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က Master Plan ကိုရှေ့ဆက်လက်အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုရရှိစေရန် ယခုကဲ့သို့ ညီညီညွတ်ညွတ်ကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါ Master Plan သည် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း Memorandum on Cooperation in the field of Transportation ကို လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးကဏ္ဍ ရေရှည်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်ရှည်ပင်မစီမံကိန်းတစ်ရပ်ကို ရေးဆွဲပေးရန် ညှိနှိုင်းခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ နှစ်ဖက်တာဝန်ရှိသူများပါဝင်သော Joint Coordination Committee ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်းဖွဲ့စည်း၍ လေကြောင်း၊ ရေကြောင်း၊ ကုန်းလမ်းနှင့် ရထားလမ်းစသော ပို့ဆောင်ရေးကဏ္ဍအသီးသီး၏ သတင်းအချက်အလက်များ ရယူခြင်း၊ ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ပြီးနောက် Master Plan ရေးဆွဲခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ JCC အစည်းအဝေးများကိုလည်း (၆)ကြိမ်အထိ ကျင်းပညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် Master Plan အား ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် မေလအတွင်း Executive Seminar တစ်ရပ်ကျင်းပရေး အပါအဝင် လိုအပ်ချက်များအား တာဝန်ရှိသူများက ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ အတည်ပြုချက်ရရှိရေး အထက်အဖွဲ့အစည်းများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်ရန် သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း အပါအဝင် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကိုလည်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် သဘောတူညီခဲ့သည်။

ယခုကဲ့သို့ နှစ် ၃၀ ကြာမျှော်မှန်း၍ ရေးဆွဲထားသည့် Master Plan တစ်ရပ် ခိုင်ခိုင်မာမာ ပေါ်ပေါက်လာသည့်အတွက် အမျိုးသားပို့ဆောင်ရေးကွန်ရက်တည်ထောင်နိုင်မှု၊ ဘေးကင်းလုံခြုံမှု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ အခြေခံအဆောက်အအုံများအတွက် လိုအပ်သည့် ဘဏ္ဍာငွေအရင်းအမြစ်များရှာဖွေနိုင်မှုများအပြင် နိုင်ငံသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကောင်းစွာအထောက်အကူပြုသွားနိုင်မည်ဖြစ်ပါကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်းထုတ်ပြန်

ရန်ကုန် မေ ၂၄

ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ ရန်ပုံငွေကြီးကြပ်ရေးကော်မတီသည် ၂၀၁၃ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ၂၀၁၃-၂၀၁၄ပညာသင်နှစ် ပထမနှစ်(နေ့သင်တန်း) မြန်မာစာအထူးပြုဖြင့် တက်ရောက်နေသူများအနက်မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဘာသာရပ် အမှတ်အများဆုံးရရှိပြီး ပခုက္ကူ ဦးအုံးဖေပညာရည်ချွန်ဆုရသူ ကျောင်းသူလေးဦးနှင့်ဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

မြန်မာစာအထူးပြုတက်ရောက်နေသူများမှ မြန်မာစာဘာသာရပ်၌ အမှတ်အများဆုံးရရှိ၍ ပခုက္ကူ ဦးအုံးဖေပညာရည်ချွန်ဆုရရှိကြသူများမှာ မခင်မြတ်မြတ်သွယ်(ဘ) ဦးဉာဏ်မောင် မန္တလေးတက္ကသိုလ် မန္တလေးတိုင်းဒေသကြီး၊ မစုမဒီခင်(ဘ)ဦးစိုးဝင်းဦး ရန်ကုန်တက္ကသိုလ် ရန်ကုန်တိုင်းဒေသကြီး၊ မလင်းလင်းသော်(ဘ) ဦးကျော်လှိုင် ဟသ်ာတတက္ကသိုလ် ဧရာဝတီတိုင်းဒေသကြီး၊ မယမင်းအိမ် (ဘ) ဦးတင်မျိုးသန့် မန္တလေးတက္ကသိုလ် မန္တလေးတိုင်းဒေသကြီးတို့ဖြစ်သည်။

ဘာသာရပ်အလိုက် ပခုက္ကူ ဦးအုံးဖေပညာရည်ချွန်ဆုရရှိကြသူများမှာ မြန်မာစာဘာသာရပ်တွင် ပထမဆုကို မောင်မြတ်မင်းဟိန်း(ဘ) ဦးဇော်မင်းနိုင် အထက(၁) ဟသ်ာတ ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုကို မခိုင်ဆုဇာသွင်(ဘ) ဦးလွင်ဦး အထက(၁) ဒဂုံ ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုကို မပိုးဝသန်ဇော်(ဘ)ဦးမိုးဇော် အထက-အိမ်မဲ ဧရာဝတီတိုင်းဒေသကြီးတို့ကလည်းကောင်း၊ အင်္ဂလိပ်စာ ဘာသာရပ်တွင် ပထမဆုကို မောင်ဇော်မျိုးအောင်(ဘ) ဦးအောင်စိုးဝင်း အထက(၃)ရွှေဘို စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုကို မမေသင်းထက်(ဘ) ဦးကျော်ဦးမြင့် အထက(၁) မြစ်ကြီးနား ကချင်ပြည်နယ်၊ တတိယဆုကို မောင်သော်ဦးရှိန်(ဘ) ဦးကျော်စိုးရှိန် ကပက- CAE မန္တလေး မန္တလေးတိုင်းဒေသကြီးတို့ကလည်းကောင်း၊ သင်္ချာဘာသာရပ်တွင် ပထမဆုကို မောင်သန့်နေဆု(ဘ) ဦးခင်မောင်ရွှေ ကပက-CAE မန္တလေး မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုကို မအေးအေးအောင်(ဘ) ဦးအောင်ခိုင် အထက(၁) ဒဂုံ ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုကို မောင်ဉာဏ်လင်းထွန်း (ဘ) ဦးမင်းမင်းထွန်း အထက(၃) ရွှေဘို စစ်ကိုင်းတိုင်းဒေသကြီးတို့ကလည်းကောင်း၊ ဓာတုဗေဒဘာသာရပ်တွင် ပထမဆုကို မယမင်းသူ (ဘ)ဦးကျော်ကျော် အထက(၁)ဒဂုံ ရန်ကုန်တိုင်းဒေသကြီးကလည်းကောင်း၊ ရူပဗေဒ ဘာသာရပ်တွင် ပထမဆုကို မေသန္တာမိုး(ဘ) ဦးလှစိန် အထက(၈)မန္တလေး မန္တလေးတိုင်းဒေသကြီးကလည်းကောင်း၊ ဇီဝဗေဒဘာသာရပ်တွင် ပထမဆုကို မောင်မြတ်မင်းဟိန်း(ဘ)ဦးဇော်မင်းနိုင် အထက(၁) ဟသ်ာတ ဧရာဝတီတိုင်းဒေသကြီးကလည်းကောင်း၊ ပထဝီဘာသာရပ်တွင် ပထမဆုကို မတင်တင်နွယ်(ဘ) ဦးဝင်းရွှေ အထက-တောင်စွန်း မွန်ပြည်နယ်ကလည်းကောင်း၊ သမိုင်းဘာသာရပ်တွင် ပထမဆုကို မောင်ဖေသက်ခိုင်(ဘ)ဦးစိုးမြင့် အထက(ခွဲ)အိမ်မဲကြီး ဧရာဝတီတိုင်းဒေသကြီးကလည်းကောင်း၊ ဘောဂဗေဒဘာသာရပ်တွင် ပထမဆုကို မောင်ဟိန်းဝင်းကျော် (ဘ) ဦးကျော်ဝင်း အထက(၁) ကလေး စစ်ကိုင်းတိုင်းဒေသကြီးတို့က လည်းကောင်း အသီးသီးရရှိကြသည်။

ဆုချီးမြှင့်ပွဲကို ၂၀၁၄ခုနှစ် မေ ၁၀ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ စတူဒီယိုခန်းမ(A)၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ်(၅၂၉-၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၇၇၂၄ နှင့်စီမံရေးရာဌာန ဖုန်း-၀၁-၃၈၁၄၄၉တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

၂၀၁၄ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်များ

၂၀၁၄ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်များအဖြစ် ရွေးချယ်ခံရသော အဌမတန်း၊ နဝမတန်း၊ ဒသမတန်း ကျောင်းသား ကျောင်းသူ ၅၂၅ ဦးတို့သည် နွေရာသီကျောင်းပိတ်ရက် ဧပြီလ စတုတ္ထပတ်တွင် (ငွေဆောင်၊ အင်းလေး၊ ပုဂံ)နယ်အပန်းဖြေစခန်းများနှင့် နေပြည်တော် စခန်းများသို့ သွားရောက်အပန်းဖြေကြမည်ဖြစ်ပါသည်။ ဒေသန္တရဗဟုသုတ ရှာမှီးကြမည်ဖြစ်ပါသည်။

နိုင်ငံတော်မှ ပညာရေးဝန်ကြီးဌာနသည် ဘက်စုံပညာထူးချွန်ပြီး အကျင့်စာရိတ္တကောင်းမွန်သည့် ကျောင်းသားလူငယ်များကိုစိစစ်ရွေးချယ်ပြီး ဂုဏ်ပြုချီးမြှင့်သည့် လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်မှစတင် အကောင်အထည်ဖော်ခဲ့သည်။ ငပလီရွှေဝါချိုင်စခန်း၊ အင်းလေးခေါင်တိုင်စခန်းများမှ အစပြု၍ လူရည်ချွန်စခန်းများဖွင့်လှစ်ပြီး လူရည်ချွန်များကို အပန်းဖြေခြင်း၊ ဒေသန္တရဗဟုသုတများရှာမှီးခြင်း၊ လေ့ကျင့်သင်ကြားခြင်းများကို ပြုလုပ်စေခဲ့ပါသည်။ အခြေခံပညာအဆင့်တွင် သတ္တမတန်း၊ အဌမတန်း၊ နဝမတန်း၊ ဒသမတန်းတို့၌ တစ်ခရိုင်လျှင်တစ်ဦးကျစီရွေးချယ်ခဲ့သည်။ စက်မှုလက်မှုသက်မွေးအထက်တန်းကျောင်းများ၊ သိပ္ပံကောလိပ်များ၊ တက္ကသိုလ်များမှလည်း နှစ်စဉ်အချိုးကျ ရွေးချယ်ခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း လူရည်ချွန်ဆုနှင့် သချၤာလူရည်ချွန်ဆုများ ချီးမြှင့်ခံရသူပေါင်း ၇၉၀၈ ဦးရှိခဲ့ပါသည်။ ထိုလူရည်ချွန်ဆုရခဲ့သူများတွင် တိုင်းခရိုင်နယ်ပေါင်းစုံမှ မြန်မာ၊ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ ရခိုင်စသည်ဖြင့် တိုင်းရင်းသားပေါင်းစုံပါဝင်သည်။ လူရည်ချွန်ဆု သချၤာလူရည်ချွန်ဆုရခဲ့သူအချို့သည် ယခုအခါ နိုင်ငံတော်၏ကာကွယ်ရေး၊ အုပ်ချုပ်ရေး၊ တရားရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် ရေးများစွာတို့တွင် နိုင်ငံ့တာဝန်များကိုကျေပွန်စွာထမ်းဆောင်နေကြသည်။ အချို့မှာ အငြိမ်းစားယူပြီး အသိပညာရှင်၊ အတတ်ပညာရှင်များ အဖြစ်ရပ်တည်၍ နိုင်ငံ့အကျိုးပြု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေကြပါသည်။

တစ်ဖန် နိုင်ငံတော်အစိုးရသည် ၁၉၉၈-၁၉၉၉ ပညာသင်နှစ်မှစတင်၍ ဗဟိုအဆင့်ပညာရေးစုံညီပွဲတော်တွင် ဘက်စုံပညာထူးချွန်ဆုများ ချီးမြှင့်ခဲ့ပါသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဘက်စုံပညာထူးချွန်လူငယ်များ အဌမတန်းမှ ၁၇၀ ကို ပုဂံအပန်းဖြေစခန်းသို့လည်းကောင်း၊ ဒသမတန်းမှ ၁၇၀ ကို ငွေဆောင်အပန်းဖြေစခန်းသို့ ၂၀၁၃ ခုနှစ် ဧပြီလတွင် ငါးရက်ကြာ စေလွှတ်အပန်းဖြေစေခဲ့ပါသည်။ လေ့လာရေးခရီးများထွက်ခြင်း၊ ဒေသန္တရ ဗဟုသုတရှာမှီးခြင်းများကို ပြုလုပ်စေခဲ့ပါသည်။ နယ်အပန်းဖြေစခန်းတွင် အပန်းဖြေပြီးနောက် နေပြည်တော်စုပေါင်းစခန်းတွင် ဘက်စုံပညာထူးချွန်လူငယ်များနှင့် အခြားထူးချွန်လူငယ်များ စုပေါင်းတွေ့ဆုံ အပန်းဖြေစေခဲ့သည်။

ယခုပညာသင်နှစ် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသည်

ကျော်ဌေး
လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့

ဘက်စုံပညာထူးချွန်လူငယ် ၅၂၅ ဦးကို ရွေးချယ်ချီးမြှင့်ခဲ့သည်။ ရွေးချယ်ခြင်းခံရသော ဘက်စုံပညာထူးချွန်လူငယ်များတွင် အဌမတန်းမှ အရွေးခံရသော ၁၇၆ ဦးသည် ပုဂံအပန်းဖြေစခန်းသို့လည်းကောင်း၊ နဝမတန်းမှ အရွေးခံရသော ၁၇၅ ဦးသည် အင်းလေးအပန်းဖြေစခန်းသို့လည်းကောင်း၊ ဒသမတန်းမှ အရွေးခံရသော ၁၇၄ ဦးသည် ငွေဆောင်အပန်းဖြေစခန်းသို့လည်းကောင်း သွားရောက်အပန်းဖြေ ဗဟုသုတရှာမှီးကြရပါမည်။ နယ်စခန်းများအပြီးတွင် နေပြည်တော်စုပေါင်းစခန်း၌ ဘက်စုံပညာထူးချွန်လူငယ်များဖြင့် အခြားထူးချွန်လူငယ်များ တွေ့ဆုံအပန်းဖြေ၍ ဗဟုသုတနှီးနှောဖလှယ်ကြပါမည်။

ဘက်စုံပညာထူးချွန်လူငယ်များကို အောက်ပါရည်ရွယ်ချက်များဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

- ❖ ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းရန်၊
- ❖ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းများတွင် ပိုမိုစိတ်ဝင်စားလာပြီး နိုင်ငံအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်၊
- ❖ မှန်ကန်သော အကျိုးပြုယှဉ်ပြိုင်မှုဖြင့် ဘက်စုံပညာအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊
- ❖ အများနှင့် စုပေါင်းနေထိုင်တတ်သော အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန်နှင့် ဒေသန္တရ ဗဟုသုတများ ရရှိလာစေရန်၊
- ❖ ကျောင်းသား ကျောင်းသူများ၏ စံနမူနာပြုလူငယ်များပေါ်ထွန်းလာစေရန်၊

ပညာရေးဝန်ကြီးဌာနက တာဝန်ရှိသူများကလည်း အထက်ပါရည်ရွယ်ချက်များကို ရာနှုန်းပြည့်ဖြည့်ဆည်းနိုင်ရန် ကြီးကြပ်ရေးကော်မတီနှင့် ရွေးချယ်ရေးကော်မတီများကို အဆင့်ဆင့်စနစ်တကျဖွဲ့စည်းပြီး စီစဉ်ဆောင်ရွက်ကြပါသည်။ ဘက်စုံပညာထူးချွန်လူငယ်များကို အဌမတန်း၊ နဝမတန်း၊ ဒသမတန်း ကျောင်းသား ကျောင်းသူများက အတန်းတစ်တန်းလျှင် ယောကျ်ားလေးနှင့် မိန်းကလေးဦးရေ အညီအမျှ ရွေးချယ်ပေးကြရသည်။

ခရိုင်အလိုက် ရွေးချယ်ကြရသည်။ ခရိုင်အတွင်းရှိ မြို့နယ်အရေအတွက်ပေါ် မူတည်၍ ဘက်စုံထူးချွန်လူငယ်အရေအတွက်ကို ရွေးချယ်ချီးမြှင့်သည်။

သတ်မှတ်ခရိုင်တစ်ခုတွင် ခရိုင်တွင်း မြို့နယ်အရေအတွက်သည် ငါးမြို့နယ်အောက် ဖြစ်ပါက ၎င်းခရိုင်တွင် အဌမတန်း (ကျား/မ) နှစ်ဦး၊ နဝမတန်း (ကျား/မ) နှစ်ဦး၊ ဒသမတန်း (ကျား/မ) နှစ်ဦး ရွေးချယ်ချီးမြှင့်သည်။ သတ်မှတ်ခရိုင်တစ်ခုတွင် မြို့နယ်ပေါင်း ခြောက်မြို့နယ်မှ ၁၂ မြို့နယ်အတွင်း ရှိပါက အဌမတန်း (ကျား/မ) လေးဦး၊ နဝမတန်း (ကျား/မ) လေးဦး၊ ဒသမတန်း (ကျား/မ) လေးဦး ရွေးချယ်ချီးမြှင့်သည်။ သတ်မှတ်ခရိုင်တစ်ခုတွင် မြို့နယ်ပေါင်း ၁၃ မြို့နယ်နှင့်အထက်ရှိပါက အဌမတန်း (ကျား/မ) ခြောက်ဦး၊ နဝမတန်း (ကျား/မ) ခြောက်ဦး၊ ဒသမတန်း (ကျား/မ)ခြောက်ဦး ရွေးချယ်ချီးမြှင့်သည်။ အထက်တန်းအဆင့်တွင် ဝိဇ္ဇာ၊ သိပ္ပံကျောင်းသားဦးရေအရ ရွေးချယ်မည်၊ ဝိဇ္ဇာတွဲကို ရွေးချယ်ရာတွင်ထူးချွန်အဆင့်ရှိသူများကိုသာ ရွေးချယ်ချီးမြှင့်သည်။

ဘက်စုံပညာထူးချွန် လူငယ်များရွေးချယ်ရာတွင် စည်းကမ်းချက်များကို ချမှတ်ဆောင်ရွက်ထားသည်။ ဘာသာရပ်ဆိုင်ရာ အရည်အချင်းစစ်မေးခွန်းများ ပြုစုရာတွင် အလွတ်ကျက်မှတ်ဖြေဆိုရသည့် ပုံစံမျိုးမဖြစ်စေဘဲ ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ဝေဖန်သုံးသပ်နိုင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှု အတိုင်းအတာတို့ကို ဖော်ထုတ်နိုင်သည့် မေးခွန်းပုံစံမျိုး ဖြစ်စေရပါသည်။

စာမေးပွဲစစ်ဆေးခြင်း (မေးခွန်းနှင့် အမှတ်ပေးစည်းမျဉ်း)ကို တာဝန်ရှိသူ ရွေးချယ်ရေးကြီးကြပ်ကော်မတီ အဆင့်ဆင့်က စနစ်တကျဆောင်ရွက်ကြသည်။

ဘက်စုံပညာထူးချွန်လူငယ်များ ရွေးချယ်ရာတွင် စီမံခန့်ခွဲရေး အဆင့်အလိုက် (ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်) စနစ်တကျ စစ်ဆေးမေးမြန်းကြသည်။ ဘာသာရပ်လေးခု အောက်ပါအတိုင်း ခွဲခြားထားသည်။ ၎င်းတို့မှာ (၁) မြန်မာစာ (၂) အင်္ဂလိပ်စာ (၃) အထွေထွေဗဟုသုတ (အထွေထွေဗဟုသုတနှင့် ဉာဏ်စမ်းသချၤာ ဟူ၍ နှစ်ပိုင်းရှိသည်။) (၄) လူတွေ့နှုတ်ဖြေ ကိုယ်လက်ကြံ့ခိုင်ရေးနှင့် ယုံကြည်မှု (လူတွေ့နှုတ်ဖြေအပိုင်းတွင် ဘဝတွက်တာ၊ စာရိတ္တနှင့် လောကနီတိ၊ အသင်းအဖွဲ့ လုပ်ငန်းများတွင် ပါဝင်မှု၊ နေ့စဉ်ထုတ်သတင်းစာများ) (ကိုယ်လက်ကြံ့ခိုင်ရေးနှင့် ယုံကြည်မှုတွင် သက်လုံ၊ လျင်မြန်မှု၊ ပျော့ပျောင်းမှု၊ ကြံ့ခိုင်မှု) တို့ဖြစ်ကြသည်။

နိုင်ငံ၏ အညွန့်အဖူး၊ တန်ဖိုးမဖြတ်နိုင်သည့် အနာဂတ်နိုင်ငံတော်၏ သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ လူ့အဖိုးတန်ကလေးများ ဖြစ်ကြသည့် ၂၀၁၄ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်များကို လှိုက်လှဲဝမ်းသာကြည်နူးစွာ ဂုဏ်ပြုကြိုဆိုပါသည်။

၁၉၆၄ မှ ၁၉၈၈ ခုနှစ်အတွင်း လူရည်ချွန်၊ သချၤာလူရည်ချွန်ဆု ရရှိထားသောသူများ ပါဝင်သည့် လူရည်ချွန် ၁၉၆၄-၈၈ အဖွဲ့မှလည်း ဘက်စုံပညာထူးချွန်လူငယ်များကို ရန်ကုန်စခန်းနှင့် နယ်အပန်းဖြေစခန်းများသို့ သွားရောက်တွေ့ဆုံဂုဏ်ပြု နှုတ်ဆက်ကြပါမည်။ ။

နိုင်ငံ၏ အညွန့်အဖူး၊ တန်ဖိုးမဖြတ်နိုင်သည့် အနာဂတ်နိုင်ငံတော်၏ သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ လူ့အဖိုးတန်ကလေးများ ဖြစ်ကြသည့် ၂၀၁၄ ခုနှစ် ဘက်စုံပညာထူးချွန်လူငယ်များကို လှိုက်လှဲဝမ်းသာကြည်နူးစွာ ဂုဏ်ပြုကြိုဆိုပါသည်။

အနာဂတ်လူငယ်များ၏ပညာရေးအခန်းကဏ္ဍအတွက်အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

မြန်မာ့နှစ်သစ်ကူး အချိန်အခါသမယတွင် TOKYO UNIVERSITY OF SOCIAL WELFARE MYANMAR JAPANESE LANGUAGE OFFICE Building No.A-3-2, Room (102), Upper Pansodan Road, Myanma Gonyi Housing, Mingalar Taung Nyunt Township, Yangon, Myanmar. Tel: (95-1) 393370, 09-421147070 Email: tokyo.fukushi.myanmar@gmail.com ကျောင်းမှ ၂၀၁၄ ဧပြီလတန်းခွဲအတွက် ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားရောက်ရန် အသက်(၁၈) နှစ်မှ (၃၅) နှစ်အတွင်းရွေးချယ်ထားသူ ကျောင်းသား၊ ကျောင်းသူများအားလုံး ဂျပန်နိုင်ငံသို့ ပညာသင် သွားရောက်ခွင့်ရရှိသည့်အတွက် ကျောင်းသား၊ ကျောင်းသူများအားလုံး၊ မိဘများ၊ ကျောင်းအုပ်ချုပ်ရေးမှူး ဒေါ်ကြူကြူနိုင် နှင့်အတူ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးဇေယျ (Shwe Myint Mo Aung Trading Co.Ltd.,) ဦးဝဏ္ဏ (Pearl Daewi Co. Ltd.,) ဒေါ်သီတာထွန်း (KMA Co.Ltd., Singapore)
ဒေါ်အေးအေးမြင့် (ASIA DUTY FREE YANGON INTERNATIONAL AIRPORT) ဦးဝင်းသိန်း+ဒေါ်အေးအေးမြတ်(Ever Collection)

ထူးချွန်ကြက်ခြေနီလူငယ်များ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ထူးချွန်ကြက်ခြေနီလူငယ်တွေ့ဆုံပွဲ

၂၄-၄-၂၀၁၄ မှ ၄-၅-၂၀၁၄ အထိ

ထူးချွန်ကြက်ခြေနီလူငယ်စခန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီ လူငယ်များ တွေ့ဆုံပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်)၌ ကျင်းပသည်။

ကြက်ခြေနီစေတနာ့ဝန်ဆောင်မှုလုပ်ငန်းများကို ထူးချွန်စွာဆောင်ရွက်ခဲ့ကြသော ကြက်ခြေနီထူးချွန် မောင်မယ်များကို မှတ်တမ်းတင်ချီးကျူးဂုဏ်ပြုရန်နှင့် အနာဂတ်တွင် ဦးဆောင်မည့် လူငယ်များအား ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများတွင် ပိုမိုဦးဆောင်ပါဝင်လာစေရန် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် သဘာဝဘေးအန္တရာယ်များတွင်လည်းကောင်း၊ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များတွင်လည်းကောင်း၊ လူမှုကရုဏာလုပ်ငန်းများကို လူမျိုးဘာသာမခွဲခြားဘဲ ကူညီဆောင်ရွက်ခဲ့ကြကြောင်း၊ ယင်းကဲ့သို့ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသော ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၏ ထက်ဝက်ကျော်သည် လူငယ်မောင်မယ်များပင်ဖြစ်ကြောင်း၊ ထူးချွန်ကြက်ခြေနီလူငယ်များကို တွေ့ဆုံရသည့်အတွက် ဂုဏ်ယူပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက ယနေ့ကမ္ဘာတွင် ပြောင်းလဲလာသော ခေတ်စနစ်များနှင့်အညီ လူငယ်များ၏ အခန်းကဏ္ဍကိုအားပေးဖော်ဆောင်လျက်ရှိကြောင်း၊ အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာမည့် လူငယ်များအနေဖြင့် ကြက်ခြေနီအခန်းကဏ္ဍကို ပိုမိုပီပြင်စွာ ဆောင်ရွက်နိုင်စေရန် လူငယ်အခန်းကဏ္ဍကို ပိုမိုဦးစားပေးလျက်ရှိကြောင်း၊ ယခုတက်ရောက်လာကြသော ထူးချွန်လူငယ် မောင်မယ်များသည် မြန်မာနိုင်ငံတွင် ကြက်ခြေနီစေတနာ့လုပ်အားရှင်ပေါင်း နှစ်သိန်းကျော်ရှိသည့်အနက် လူငယ်များထဲမှ ကြက်ခြေနီလုပ်ငန်းများကို ထူးချွန်စွာဆောင်ရွက်နိုင်ခဲ့ကြသူများပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ သမိုင်းအစဉ်အလာရှိရှိ ဆောင်ရွက်ခဲ့သော လူမှုကရုဏာလုပ်ငန်းများ၊ လူထုအကျိုးပြုလုပ်ငန်းများကို ပိုမိုအောင်မြင်အောင် အားမာန်အပြည့်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယခုကဲ့သို့ ကြက်ခြေနီထူးချွန် တွေ့ဆုံပွဲများကို ၁၉၇၁ ခုနှစ်မှ စတင်ကာ ပြုလုပ်ပေးခဲ့ပြီး ယခုနှစ်တွင် အသက်(၂၁)နှစ်အောက် လူငယ်များကို ရွေးချယ်တွေ့ဆုံပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

မြန်မာနိုင်ငံတွင် ၁၉၇၁ ခုနှစ်မှ စတင်ကာ ကြက်ခြေနီတပ်ဖွဲ့ဝင်များထဲမှ ထူးချွန်သည့်ကြက်ခြေနီလူငယ်များကို ရွေးချယ်ပြီး စံပြအလုပ်သမားများနှင့် ကျောင်းသားလူရည်ချွန်များနည်းတူ အပန်းဖြေစခန်းများသို့ ပို့ပေးခြင်းသည်လည်း ကြက်ခြေနီလှုပ်ရှားမှုကို ပိုမိုအောင်မြင်စေသည့် တွန်းအားတစ်ရပ်ဖြစ်သည်။

ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ တစ်သက်တာစာပေဆု ဆရာကြီးတက္ကသိုလ်တင်ခ ရရှိ

ရန်ကုန် မေ ၂၄

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၂၀၁၃ခုနှစ်အတွက် ပခုက္ကူစာပေဆုရရှိသူများ၏ အမည်စာရင်းကို ပခုက္ကူစာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို ရဲမြတ်တင်ရေးသားသည့် “ဇဗ္ဗူရစ်ရွှေစင်ဝတ္ထုတိုများ” စာမူ၊ ဒုတိယဆုကို မောင်ဆန္ဒ(လယ်ဝေး)ရေးသားသည့် “ဘုန်းကြီးအော်လို့ ရိုက်လိမ့်မယ်နှင့် အခြားဝတ္ထုတိုများ” စာမူ၊ တတိယဆုကို လွင်ဦး(ကွမ်းခြံကုန်း)ရေးသားသည့် “ညွတ်နှင့်အခြား ဝတ္ထုတိုများ” စာမူတို့က လည်းကောင်း၊ ဝတ္ထုရှည်ဆုတွင် ပထမဆုကို သိန်းဇော်(ရွှေလီဦး)ရေးသားသည့် “ဒုတိယဘဝအစနှင့် အကြွင်နာနှလုံးသားအလှများ” စာမူ၊ ဒုတိယဆုကို သွဲ့ထားညို(သက္ကလ)ရေးသားသည့် “ပန်းခရေကြွေသော်လည်းမွှေး” စာမူ၊ တတိယဆုကို နန္ဒာခင်(သက္ကလမြေ)ရေးသားသည့် “တိမ်လွှာအောက်မှ စိမ်းလန်းသည့်မြေ”စာမူတို့က လည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို သန်းအောင်(အညာမြေ)ရေးသားသည့် “တောဒဟတ်ပန်း ကဗျာများ” စာမူ၊ ဒုတိယဆုကို ကျော်စိုး(မြင်းမူ)ရေးသားသည့် “ပန်းလက်ဆောင်ကဗျာများ” စာမူ၊ တတိယဆုကို မောင်ဟန်တင့် (ပင်လည်ဘူး)ရေးသားသည့် “ဂန္ထဝင်လမင်း အလင်းသံစဉ် ကဗျာများ” စာမူတို့က လည်းကောင်း၊ ကျမ်းနှင့် သုတေသနဆုတွင် ပထမဆုကို လှိုင်ဝင်းဆွေရေးသားသည့် “မြန်မာ့ရုပ်ပေါင်းစု အနုပညာ” စာမူ၊ ဒုတိယဆုကို မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)ရေးသားသည့် “ညောင်ရမ်းခေတ်ယဉ်ကျေးမှု” စာမူတို့ကလည်းကောင်း အသီးသီးရရှိကြသည်။

၂၀၁၃ ခုနှစ်အတွက် “တစ်သက်တာစာပေဆု” ကို စာရေးဆရာကြီး တက္ကသိုလ်တင်ခက ရရှိသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်ပညာသင်ဆုများအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မောင်အောင်သူဖြိုး ဒုတိယနှစ် (ပန်းချီအထူးပြု) နှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)မှ မောင်မျိုးလှိုင်ဝင်း ဒုတိယနှစ် (သဘင်အထူးပြု) တို့က ရရှိကြသည်။

၂၀၁၃ ခုနှစ်အတွက် စာကြည့်တိုက်စာအုပ်ဆုကို ချီးမြှင့်နိုင်ခြင်းမရှိကြောင်း သိရသည်။

ဆုနှင်းသဘင်အခမ်းအနားကို ၂၀၁၄ ခုနှစ် မေ ၁၀ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယိုခန်းမ (A)၌ ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန်အမှတ် (၅၂၉-၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၇၇၂၄နှင့် စီမံရေးရာဌာန ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

(သတင်းစဉ်)

သနပ်ပင်၌ မြို့နယ်အခြေပြု မူလတန်းဆရာ အတတ်ပညာ သင်တန်းဖွင့်

သနပ်ပင် မေ ၂၄

သနပ်ပင်မြို့နယ် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်ပညာ သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၃ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(ပညာ၊စစ်ဆေး) ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ခင်သက်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပညာရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် အထောက်အကူပြုကော်မတီဝင်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

❂ ရှေ့ဖုံးမှ

၂၀၁၁ ခုနှစ် အောက်တိုဘာလ၌ ပြည်ထောင်စုရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်ခဲ့၍ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပါဝင်ရွေးချယ်ခံခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်နောက်ပိုင်း၌ မိမိတို့၏ ရည်မှန်းချက်ဖြစ်သော ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် လမ်းကြောင်းပေါ်သို့ ရောက်ရှိပြီဟု နိုင်ငံတကာက အသိအမှတ်ပြုလာခဲ့ကြောင်း၊ ပိတ်ဆို့အရေးယူမှုများကိုလည်း ဖြေလျှော့ပေးလာခဲ့ကြောင်း၊ နိုင်ငံတကာနှင့် ပုံမှန်ဆက်သွယ် ဆက်ဆံလာနိုင်ခဲ့ကြောင်း။

မိမိတို့လွှတ်တော် အပါအဝင် အစိုးရအဖွဲ့အနေဖြင့် အပြောင်းအလဲများ လုပ်ဆောင်ရာတွင် လွယ်လွယ်နှင့်မရနိုင်ဘဲ အခက်အခဲများ ကြုံတွေ့နိုင်သည်ကို သိရှိထားပါကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်ဆိုလျှင် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနိုင်မှသာ ဖြစ်မည်ဆိုသော အသိဖြင့် မဖြစ်ဖြစ်အောင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတကာကို ကြည့်မည်ဆိုပါက အာဏာရအဖွဲ့အစည်းအနေဖြင့် အာဏာကို ချောမောပြေပြစ်စွာ လွှဲပြောင်းပေးခြင်းမှာ ခဲယဉ်းပြီး မရှိသလောက်ပင်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအချို့တွင် အာဏာရှိသူနှင့် အာဏာပြန်လိုသူ ပြည်သူများအကြား ပဋိပက္ခများ ဖြစ်ပွားပြီး ပြည်သူအများအပြား အတိဒုက္ခရောက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ယင်းသို့မဖြစ်ပေါ်စေရန် ၂၀၁၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် ပါတီက ဖွဲ့စည်းပေးလိုက်သည့် အစိုးရသစ် တက်လာပြီးနောက် တစ်ပါတီစနစ် မဟုတ်ဘဲ ပါတီစုံစနစ်ကျင့်သုံးခဲ့ကြောင်း၊ ပါတီများအားလုံးသည် အမျိုးသားအကျိုးစီးပွားကို အခြေခံ၍ ပါတီမူဝါဒ ချမှတ်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်များအတွင်း၌ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ အယူဝါဒစွဲမထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် အားလုံးပါဝင်ဆောင်ရွက်မည်ဆိုသည့် ခံယူချက်ထားရှိ ဆောင်ရွက်နေပါကြောင်း၊ ယခုဆိုလျှင် မိမိတို့နိုင်ငံ၌ ပါတီပေါင်း ၆၅ ပါတီရှိလာပြီဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ အမှန်တကယ်လိုအပ်နေသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးပင် ဖြစ်ကြောင်း၊ သို့မှသာ ငြိမ်းချမ်းရေးရရှိနိုင်မည်ဖြစ်ပြီး တရားဥပဒေစိုးမိုးရေးရှိအောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ဖွဲ့စည်းထားသည့် ပါတီအသီးသီးအနေဖြင့် တစ်ပါတီနှင့်တစ်ပါတီ ရန်သူလို သဘောမထားဘဲ လုပ်ဖော်ကိုင်ဖက်လို သဘောထားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အားလုံးပါဝင်ကြရန် ဖိတ်ခေါ်လျက်ရှိပါကြောင်း၊ အတိတ်သမိုင်းကြောင်းကိုကြည့်ပါက ကြွေးကြော်သံများဖြင့် လုပ်ခဲ့ကြသော်လည်း အောင်မြင်မှု မရခဲ့ကြောင်း၊ အစွဲအလမ်းကြီးပြီး ခေတ်အဆက်ဆက်တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ရန်ဖြစ်နေကြ၍ ဒုက္ခရောက်ရသည်မှာ ပြည်သူများပင်ဖြစ်ကြောင်း။

တစ်ပါတီနှင့်တစ်ပါတီ၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြုတ်တိုက်၍မရပါကြောင်း၊ ရုပ်ပိုင်းဆိုင်ရာအရ ကျဆုံးသွားသော်လည်း စိတ်ပိုင်းဆိုင်ရာအရ ကျန်နေဦးမည်ဖြစ်ကြောင်း၊ တစ်ပါတီနှင့်တစ်ပါတီ၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြုတ်ရှင်း၊ အပြုတ်တိုက်ဆိုသည်မျိုး လက်ခံကျင့်သုံး၍ မရပါကြောင်း၊ ယင်းသို့ဖြစ်နေလျှင် အခြားနိုင်ငံများထက် ဖွံ့ဖြိုးမှုနောက်ကျကျန်နေဦးမည်ဖြစ်ကြောင်း၊ အမျိုးသားရေးကို အခြေခံဖွဲ့စည်းထားသည့် ပါတီတိုင်းတွင် ကောင်းမွန်သော ရည်ရွယ်ချက်၊ ရည်မှန်းချက်များရှိကြကြောင်း၊ ပါတီတစ်ခုနှင့်တစ်ခု အပြောနှင့်ပြိုင်၊ အလုပ်နှင့်ပြိုင်ကြရမည်ဖြစ်ပြီး မည်သူက အမှန်တကယ် လုပ်ပေးနိုင်မည်ကို ပြည်သူများက စဉ်းစားဆုံးဖြတ်ရွေးချယ်ရမည်သာ ဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ပြင်ဆင်ခြင်းကိုလိုလားပြီး အသစ်ရေးဆွဲခြင်းကို မလိုလားပါကြောင်း၊ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဖွဲ့စည်းပုံကို လောလောဆယ်အားဖြင့် မိမိတို့လိုက်နာရမည်သာ ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံတစ်ခု အသစ်ရေးဆွဲမည်ဆိုပါက မလိုလားအပ်သောကိစ္စများ များစွာ ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ပြင်စရာရှိက ပြင်ရန်၊ ပြောင်းစရာရှိက ပြောင်းရန်သာလိုကြောင်း၊ အခြားနိုင်ငံများကိုကြည့်ပါကလည်း ပြင်ခဲ့၊ ပြောင်းခဲ့သည်များ ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ မူဘောင်အတွင်းမှ ဆောင်ရွက်သွားရန် လိုလားပါကြောင်း၊ တိုင်းပြည်ကောင်းစားရေး၊ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးအတွက်ဆိုလျှင် ထောက်ခံရမည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေး ဖော်ဆောင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသည် ခေါင်းစဉ်တစ်ခုပင်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေးကို တစ်ရက်တည်း၊ တစ်ကြိမ်တည်း လုပ်၍မရနိုင်ကြောင်း၊ အစဉ်တစိုက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေးကို အဓိကလုပ်ဆောင်ခဲ့၍ ထိုက်သင့်သလောက် ခရီးရောက်ခဲ့ပြီဖြစ်ကြောင်း၊ အခုရေတွင်းတူ အခုရေကြည်သောက်၍ မရနိုင်ပါကြောင်း။

လွှတ်တော်များ၏ တာဝန်သည် ဥပဒေပြဋ္ဌာန်းရန် အဓိကဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရာတွင် ဥပဒေများ ပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် ခက်ခဲသော်လည်း ကြောက်ရွံ့နေ၍မရဘဲ ဆက်လုပ်သွားရမည်ဖြစ်ကြောင်း၊ လွှတ်တော်၊ အစိုးရသာမက ပြည်သူများကပါ ပြောင်းလဲရာတွင် ပါဝင်ကြရမည်ဖြစ်ကြောင်း၊ ပြောင်းလဲရာတွင် Mindset များ ပြောင်းလဲရန်လည်း လိုအပ်ပါကြောင်း၊ ဆန့်ကျင်ဘက်ပြောတိုင်း အကောင်းဘက်သို့ ဦးတည်ခြင်း မဟုတ်ပါကြောင်း၊ သတင်းမီဒီယာများ အပိုင်းကလည်း မှန်မှန်ကန်ကန်ပါဝင်ရန် လိုကြောင်း။

နိုင်ငံတော်သမ္မတကြီးက ကောင်းမွန်သော အစိုးရ၊ သန့်ရှင်းသောအစိုးရဖြစ်အောင် ဆောင်ရွက်ရမည်၊ ပြည်သူကိုဗဟိုပြုဆောင်ရွက်ရမည်ဟုပြောကြားခဲ့ကြောင်း၊ ပြည်သူကို ဗဟိုပြုဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် မြို့နယ်များ၌ စီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီတို့ကို ဖွဲ့စည်းပေးထားကြောင်း၊ ကျေးရွာအဆင့်၌ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များရှိကြောင်း၊ ယင်းအဖွဲ့များသည် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအဖွဲ့များဖြစ်ကြောင်း၊ ကော်မတီများ၏ အခန်းကဏ္ဍသည်အရေးပါသည့်အလျောက် စေတနာထားလျှင် ထားသလောက်၊ အရည်အချင်းရှိလျှင် ရှိသလောက် ဒေသ တိုးတက်မည်ဖြစ်ကြောင်း၊ ၎င်းတို့သည် အခကြေးငွေ တစ်စုံတစ်ရာမရဘဲ ဆောင်ရွက်သူများဖြစ်၍ ဂုဏ်ပြုခံထိုက်သူများ ဖြစ်ပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာမှ မြို့နယ်၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ တိုင်းဒေသကြီး/ပြည်နယ်များ၊ ၎င်းမှ ပြည်ထောင်စုတစ်ခုလုံး ပီပြင်တိုးတက်စေသော လုပ်ငန်းစနစ်ဖြစ်ကြောင်း၊ အောက်မှ အထက်သို့ (Bottom Up) စနစ်ဖြစ်ကြောင်း။

ကော်မတီများ၏ လုပ်ငန်းများကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က ထိုက်သင့်သလို အကူအညီပေးသကဲ့သို့ လွှတ်တော်ကလည်း အကူအညီများ ပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း ၁၀၀၀ ကိစ္စတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် လေးဦးအပြင် ကော်မတီများက ပါဝင်ဆောင်ရွက်ပေးကြလျှင် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ စိတ်ပါလက်ပါ ဆောင်ရွက်ပေးသည်ကို ကြားသိရသဖြင့် ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ကြုံကြိုက်တုန်း၌ မိမိဒေသဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသော်ဝင်းက ခရိုင်နှင့်ပတ်သက်သည့် ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ခရမ်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ ဆိပ်ကြီးခနောင်တိုနှင့် ကိုကိုးကျွန်းမြို့နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များနှင့် စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးတင်ပြကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယက က ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

❖ **ရန်ကုန်-မန္တလေးမှ**

ပြုလုပ်ကာ လက်ရှိအားဖြင့် မိုဘိုင်းအော်ပရေတာကုမ္ပဏီ လေးခုအား ငှားရမ်းဆောင်ရွက်သွားရန်စီစဉ်လျက်ရှိသည်။

မြန်မာ့မီးရထားလမ်းတစ်လျှောက် Optical Fiber Cable သွယ်တန်းငှားရမ်းရန်နှင့် ဆက်စပ်လုပ်ငန်းများအတွက် လိုင်စင်ရရှိထားသော Mobile Operator များနှင့် နိုင်ငံတကာ Developer ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်လုပ်ငန်းများအတွက် ရထားပိုင်မြေများငှားရမ်းဆောင်ရွက်ရေး စီမံကိန်းများကိုလည်း အဆင့်နှစ်ခုသတ်မှတ်ထားရှိသေးကြောင်းလည်း သိရသည်။ အဆိုပါ စီမံကိန်းများထဲမှ ပထမအဆင့်ဖြစ်သော ရန်ကုန်-မန္တလေး လမ်းပိုင်း တစ်လျှောက်လက်ရှိ OFC Cable အား ကျခံပြုပြင်၍ ငှားရမ်းဆောင်ရွက်မည့်အဖွဲ့အစည်းအား လေးလတာကာလအတွင်း ငှားရမ်းရန်ဆောင်ရွက်ချက်ကို တင်ဒါခေါ်ယူသွားရန်နှင့် ဒုတိယအဆင့်ဖြစ်သော ရထားလမ်းတစ်လျှောက် Antenna နှင့် စက်ခန်းများအား အမြန်ဆုံးငှားရန်အတွက် Expression of Interest(EOI) ကို မေလအတွင်း စတင်တင်ဒါခေါ်ယူဆောင်ရွက်သွားရန်နှင့် ယင်းလမှပင်စတင်ကာ ခြောက်လအတွင်းဆောင်ရွက်မည့်လုပ်ငန်းရှင်များအား တင်ဒါခေါ်ယူရွေးချယ်ဆောင်ရွက်တော့မည်လည်းဖြစ်သည်။

ထို့ကြောင့် စီမံကိန်းများထဲမှ OFC Cable အားသွယ်တန်းငှားရမ်းရန်နှင့် ဆက်စပ်လုပ်ငန်းများအတွက် ရထားပိုင်မြေများ ငှားရမ်းဆောင်ရွက်ရေး ပထမအဆင့်ဖြစ်သော စီမံကိန်းအဆင့်(၁)အရ ရန်ကုန်-မန္တလေးလမ်းပိုင်တစ်လျှောက်လက်ရှိ OFC Cable အားကျခံပြုပြင်၍ ငှားရမ်းဆောင်ရွက်မည့်အဖွဲ့အစည်းအားတင်ဒါစတင်ခေါ်ယူမည့် ရှင်းလင်းတင်ပြခြင်းအစီအစဉ်ကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်ဘူတာကြီး စခန်းသာညှိခန်းမ၌ စီစဉ်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။ မြန်မာ့မီးရထားလုပ်ငန်းမှ ဖော်ဆောင်လျက်ရှိသော အဆိုပါ အစီအစဉ်များမှာ နိုင်ငံတော်မှ စိုက်ထုတ်ကုန်ကျငွေ (Supsidise) ကိုလျှော့ကျစေရေး၊ ရထားစီးခရီးသွားပြည်သူများ၊ ရထားတွဲဆိုင်းများနှင့် ရထားလမ်းများအတွက် အဆင်ပြေချောမွေ့လွယ်ကူစေရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း(MLA)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

	အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဒေါ်ခင်စန်းဦး ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး	ညွှန်ကြားရေးမှူးချုပ် စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
(ခ)	ဒေါက်တာအောင်သူ ပါမောက္ခချုပ် တောင်ငူတက္ကသိုလ် ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ရန်ကုန်တက္ကသိုလ် ပညာရေးဝန်ကြီးဌာန
(ဂ)	ဒေါက်တာမောင်သင်း ပါမောက္ခချုပ် မိတ္ထီလာတက္ကသိုလ် ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မန္တလေးတက္ကသိုလ် ပညာရေးဝန်ကြီးဌာန
(ဃ)	ဒေါက်တာတင်ထွန်း ပါမောက္ခချုပ် ရန်ကုန်တက္ကသိုလ် ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် တောင်ငူတက္ကသိုလ် ပညာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူး၊ ဌာန
(က)	ဒေါ်မော်မော်	ညွှန်ကြားရေးမှူးချုပ် လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ခ)	ဒေါက်တာသိန်းထွန်း	ပါမောက္ခချုပ် သမဝါယမတက္ကသိုလ်(သန်လျင်) သမဝါယမဦးစီးဌာန သမဝါယမဝန်ကြီးဌာန
(ဂ)	ပါမောက္ခဒေါက်တာဒေါ်သိဂီလှိုင်	ပါမောက္ခချုပ် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန
(ဃ)	ပါမောက္ခဒေါက်တာရွှေတိုး	ပါမောက္ခချုပ် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့်ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ရာထူး၊ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဦးခင်မောင်တင့် ညွှန်ကြားရေးမှူး စက်မှုညွှန်ကြားရေးဦးစီးဌာန စက်မှုဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး အထည်အလိပ်လုပ်ငန်း စက်မှုဝန်ကြီးဌာန
(ခ)	ဦးသန့်စင် ညွှန်ကြားရေးမှူး အမှတ်(၁)အကြီးစား စက်မှုလုပ်ငန်း စက်မှုဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန စက်မှုဝန်ကြီးဌာန
(ဂ)	ဒေါ်နိုင်သက်ဦး ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး	ညွှန်ကြားရေးမှူးချုပ် စစ်ဆေးရေးဦးစီးဌာန ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

✻ **ကင်းထောက်မှ**

ကင်းထောက်ဆိုတဲ့သဘောက အဓိကကတော့ လူမှုရေးလုပ်ငန်းတွေကိုကူညီတာပါ။ မိမိကိုယ်ကို မိမိကြိုးစားပြုစုပျိုးထောင်ပြီးတော့ လူမှုရေးလုပ်ငန်းတွေမှာ ကူညီတာပါ။ ကျွန်တော်တို့ခေတ်တုန်းကဆိုရင် မှတ်မှတ်ရရအနေနဲ့ အလုပ်တစ်ခုတစ်ကျပ်ဆိုတာမျိုးပေါ်ခဲ့တယ်။

ပြောရရင် ကင်းထောက်တပ်ဖွဲ့တွေက အိမ်တွေကိုသွားတယ်။ ပြီးရင် ကျွန်တော်တို့ကိုအလုပ်ပေးပါဆိုပြီး ပြောတယ်။ အလုပ်တစ်ခုခိုင်းပြီးသွားတာနဲ့ အိမ်ရှင်ကတစ်ကျပ်ပေးတယ်။ တချို့တွေဆိုရင် တော်တော်လေးခိုင်းပြီးမှ တစ်ကျပ်ပေးတာလည်းရှိတယ်။ တချို့ကျတော့လည်း မခိုင်းဘဲနဲ့ တစ်ကျပ်ပေးတာလည်း ရှိတယ်။ ကျွန်တော်တို့ကတော့ ပျော်နေတာပဲပေါ့။ အလုပ်တစ်ခုတစ်ကျပ်ဆိုတာ ကိုယ့်လုပ်အားတန်ဖိုး၊ ကိုယ့်အလုပ်တန်ဖိုးလေ။ အဲဒီအရွယ်လောက်ကတည်းက ပြောရရင် ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်လောက်ရှိမှာပေါ့လေ။ အဲ့ဒီအချိန်ကတည်းက လုပ်အားတန်ဖိုးကို သိတဲ့သဘောရှိပါတယ်။ ကင်းထောက်ဆိုတာ ဘယ်ကာလမှာမဆို အားလုံးကိုကူညီရမှာပါ။ စစ်မြေပြင်မှာဆိုရင်လည်း ကြက်ခြေနီတွေ၊ တပ်ဖွဲ့ဝင်တွေလှုပ်ရှားသလို ကင်းထောက်တပ်ဖွဲ့ဝင်တွေအနေနဲ့လည်း ကူညီပေးရတာတွေရှိပါတယ်။

ပြီးတော့ ကင်းထောက်ရဲ့ အတတ်ပညာတွေသင်တဲ့အခါမှာ အကုန်လုံး အသက်ကယ်နည်း၊ အချက်ပြသတင်းပို့တာ ဒါတွေကအစ သင်ရတာ။ ဒီလုပ်ငန်းတွေဟာ အားလုံးသော လူငယ်များတတ်သင့်တဲ့ဟာတွေပါပဲ။ အဲဒီတော့ စောစောကပြောသလို သူကနှစ်တော်တော်ကြာ ပျောက်ကွယ်သွားတယ် ဆိုပေမယ့်လည်း အသွင်တစ်မျိုးနဲ့ပြန်ပေါ်လာတာရှိတာပေါ့။ ကျွန်တော်ကိုယ်တိုင်လည်း ၁၉၆၈ ခုနှစ်ကနေ ၁၉၇၁ ခုနှစ်အထိအောင် လူငယ်ရေကြောင်းအဖွဲ့ တာဝန်ခံအရာရှိအဖြစ် ကန်တော်ကြီးမှာ လူငယ်စည်းရုံးရေးလုပ်ငန်းတွေ လုပ်ခဲ့ပါတယ်။ ဒီမှာလည်း နာမည်ကတော့ လူငယ်ရေကြောင်းတို့ လူငယ်လေကြောင်းတို့ပြောင်းတယ်။ သို့သော်လည်း သင်ပေးတဲ့ပညာရပ်တွေတော့ ခုနကပြောသလို ပြည်သူအကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ဖို့ ကူညီပေးတဲ့သဘောဖြစ်ပါတယ်။

ဒီကင်းထောက်လူငယ်များကနေ နောင်လူကြီးခေါင်းဆောင်အဖြစ် တာဝန်ယူကြမယ့်သူတွေ ဖြစ်ကြတော့ ကိုယ့်ရဲ့အချိန်ကို ကိုယ်တန်ဖိုးထားပြီး အကျိုးပြုတဲ့လုပ်ငန်းတွေကို သေချာသင်ကြားမယ်ဆိုရင် တော်တော်ကောင်းပါတယ်။ ကင်းထောက်အဖွဲ့မှာမပါတဲ့လူငယ်အများကြီးရှိပါတယ်။ ဒီတော့ ဒါကိုအားကျပြီး ပါလာချင်တဲ့စိတ်တွေရှိမယ်။ ငါလည်း သူတို့လိုဖြစ်အောင်လုပ်မယ်။ အဲဒီလိုပေါ့၊ အားကျစိတ်တွေရှိလာမယ်ဆိုရင် လူငယ်တွေ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှာပါ။ ကျွန်တော်ဆို အခုလည်း နိုင်ငံ့တာဝန်တွေထမ်းဆောင်နေဆဲပါပဲ။ အသက်က(၇၃)နှစ်ထဲ ရောက်နေပြီ။ ငယ်ငယ်ကတည်းက စိတ်ဓာတ်က ကင်းထောက်တပ်ဖွဲ့ဝင်အဖြစ် အမှုထမ်းခဲ့တယ်။ တက္ကသိုလ်တက်ရင်းနဲ့ လူငယ်ကျောင်းစခန်းတာဝန်ခံပေါ့။ ဒီလိုအဆင့်ဆင့်လုပ်ခဲ့တယ်ဆိုတာ ကိုယ့်စိတ်ကို ကိုယ်မွေးမြူခဲ့လို့ပေါ့လေ။ ဒါကလည်း ဝါသနာရှိမှုဖြစ်တာ။ ဝါသနာလည်းပါရမယ်။ ပါဝင်ချင်တဲ့စိတ် စေတနာလည်းရှိရမယ်လို့ ပြောချင်ပါတယ်။”

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်

“ဒီနေ့ ကျွန်တော်တို့ ထူးချွန်လူငယ်တွေကို ရွေးချယ်တဲ့အခါမှာ နိုင်ငံရဲ့ တာဝန်ကို ထမ်းဆောင်တဲ့ လူငယ်တွေဟာ ကိုယ်တစ်ယောက်တည်းသာမကဘဲနဲ့ ကိုယ်ထူးချွန်တာ၊ ကိုယ်တတ်ထားတာတွေကို အများအတွက်ဆိုတာ ရည်ရွယ်ဆောင်ရွက်နိုင်ဖို့ ဒီလိုတော်သထက် တော်အောင် ကိုယ်တစ်ယောက်တည်း တော်တာထက် သူများတွေပါဝင်လာအောင် စည်းရုံးလှုံ့ဆော်မယ်။

ဒါက လေ့ကျင့်ရတာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်တွေမကွာပါဘူး။ ခေတ်အခြေအနေအရ ဖွဲ့စည်းပုံတွေ ပြောင်းလာတာ တိုင်းဒေသကြီး ဖွဲ့စည်းပုံနဲ့ ကွာသွားတာလေးပဲ ရှိတာပါ။ ယူနီဖောင်းလည်း နည်းနည်းပါးပါး ကွာသွားတာလေးပဲ ရှိတာပါ။ ကျွန်တော်တို့ ငယ်ငယ်တုန်းက သွားခဲ့တဲ့အခါမှာ ရေသန့်ဘူးမရှိသေးတဲ့ခေတ်မှာ ရေအိုးစင်မှ ရေအိုးကို ရေခပ်ပြီးမှ ကျိုချက် သောက်ခဲ့ကြပြီးတော့ ဒီလိုလေးတွေ ကွာတာပဲ ရှိမှာပေါ့လေ။ ကျွန်တော်တို့ငယ်ငယ်က ရောက်လေရာမှာ အိပ်ရာလိပ်ကို ဖြန့်ခင်း၊ကိုယ့်အဝတ်ကိုယ်လျှော်ခဲ့ရတာပါ။ အခုကျတော့ အိပ်ရာလိပ်ဖြန့်ခင်းစရာ မလိုဘူး။ ခေတ်နဲ့ တော်တော်လေး အဆင်ပြေအောင် လုပ်ပေးထားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခုကျတော့ ထူးချွန်တဲ့လူငယ်တွေ၊ ဘက်စုံထူးချွန်တဲ့ လူငယ်တွေက အနာဂတ်နိုင်ငံတော်ကြီးတည်ထောင်တဲ့အခါမှာ တစ်တပ်တစ်အား ပါဝင်နိုင်ရန် ပြုစုပျိုးထောင် လေ့ကျင့်ပေးရပါမယ်။

၁၉၆၄-၆၈ ခုနှစ် အခြေအနေကို တင်ပြရမယ်ဆိုရင် ဒီနေ့ နိုင်ငံတော်ရဲ့ကဏ္ဍမှာ ဦးဆောင်ပါဝင်နေကြတဲ့ လူရည်ချွန်တွေ အများကြီးရှိပါတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းကိုယ်တိုင် လူရည်ချွန်တစ်ယောက် ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့ထဲမှာလည်း လူရည်ချွန်တွေ အများကြီးရှိပါတယ်။ ဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ၊ သက်ဆိုင်ရာဌာန အသီးသီးမှ လူရည်ချွန်ဖြစ်ခဲ့တဲ့ ဦးဆောင်ညွှန်ကြားရေးမှူးတွေ၊ ညွှန်ကြားရေးမှူးတွေ၊ ပါမောက္ခချုပ်တွေ၊ ပါမောက္ခတွေ ရှိပါတယ်။ ဒီလိုပဲ ဒီနေ့ ရွေးချယ်လိုက်တဲ့ လူငယ်တွေဟာ နောင်အနာဂတ် နိုင်ငံတော်မှာ ကျရာကဏ္ဍကနေ ထူးထူးချွန်ချွန် ဦးဆောင် ပါဝင်ကြလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ လုံးဝဥဿုံ ယုံကြည်ပါတယ်။

ဘက်စုံပညာထူးချွန် လူငယ်တွေ၊ ထူးချွန်ကြက်ခြေနီ လူငယ်တွေ၊ ကင်းထောက်မောင်မယ်တွေဟာ ငွေဆောင်၊ အင်းလေး၊ ပုဂံ၊ ရန်ကုန်၊ ပြင်ဦးလွင် စတဲ့ နေရာဒေသစုံကို ရောက်ကြမှာပါ။ အားလုံးသော လူငယ်တွေထဲမှာ ချမ်းသာတဲ့ လူတန်းစားက ပါလာသလို နယ်ပယ်စုံကနေပြီးတော့ ပါဝင်လာပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကြီးဟာ အားလုံးချည်း ချမ်းသာနေတာလည်း မဟုတ်ပါဘူး။ ဆင်းရဲနေတာချည်းလည်း မဟုတ်ပါဘူး။ တိုးတက်တဲ့ အပိုင်းတွေရှိသလို သိပ်မတိုးတက်တဲ့ အပိုင်းတွေလည်း ရှိပါတယ်။

ဒါကြောင့် နယ်စွန်နယ်ဖျားတွေမှာ မဖွံ့ဖြိုးသေးတဲ့ ဒေသတွေက လူရည်ချွန်တွေအနေနဲ့ မြို့ကြီးပြကြီးကို လေ့လာခွင့်ရသလို မြို့ကြီးပြကြီးမှာ မွေးလာတဲ့ ထူးချွန်တဲ့ ကျောင်းသားတွေအနေနဲ့လည်း ကျေးလက်ဒေသ မဖွံ့ဖြိုးသေးတဲ့ ဒေသတွေကို လေ့လာနိုင်ကြမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဆိုတာ မြို့ပြတွေရှိတယ်။ ကျေးလက်ဒေသတွေ ရှိတယ်။ ဘဝရပ်တည်ရေးအတွက် ကြိုးစားရုန်းကန်နေရသူတွေ ရှိတယ်။ လူ့ဘဝကို တကယ် လေ့လာနိုင်မှ တကယ်သိရှိရမယ်။

နိုင်ငံတော်အစိုးရကလုပ်နေသလို ပြည်သူတွေဆင်းရဲနွမ်းပါးမှု လျှော့ကျရေးကိစ္စတွေမှာ ပါဝင်ပြီးတော့ ကြိုးစားပြီးတော့ ကိုယ်တိုင်က မြန်မာနိုင်ငံရဲ့ ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကို ဆင်းရဲနွမ်းပါးတဲ့ဘဝကနေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ပေးချင်တဲ့စိတ်တွေ ဖြစ်လာအောင် ဒီဘဝကနေပါမှ ဖြစ်မယ်လို့ ဒုတိယသမ္မတကြီးက ပြောတာဖြစ်ပါတယ်။ အလုပ်ရုံကြီးတွေ လေ့လာတာအပြင် လက်တွေ့ဘဝများရဲ့ ကြုံတွေ့နေတဲ့ အခက်အခဲများကို ပြည်သူများရဲ့ ဘဝကို စာနာစိတ်တွေ၊ နားလည်စိတ်တွေ ဝင်လာပြီး ဒီလူ့ဘောင်အဖွဲ့အစည်းကနေ ကြိုးစားပေးချင်တဲ့ စိတ်တွေ ဒါလေးတွေ ဖြစ်ပေါ်လာဖို့ပါ။

လူငယ်ထူးချွန်ဆုက ၂၀၁၃ ခုနှစ်မှာ ပြန်စတာဆိုတော့ ပြောရမယ်ဆိုရင်တော့ အစိုးရတိုင်းမှ မဟုတ်ပါဘူး။ လူကြီးတိုင်း လူကြီးတိုင်း ကျွန်တော်ဆိုရင်လည်း မိဘတစ်ယောက်အနေနဲ့ ကိုယ့်သားသမီးကို ကောင်းစားစေချင်တာပဲ။ ဆရာတွေကလည်း တပည့်တွေကို တော်စေချင်တာပဲ။ နိုင်ငံကို ဦးဆောင်တဲ့ ပုဂ္ဂိုလ်များကလည်း လူကြီးဆိုတာ တစ်ချိန်က လူငယ်ပါပဲ။ ကိုယ်ဘယ်လို လူကြီးဖြစ်လာသလဲ၊ ဘယ်လိုဖြတ်သန်းပြီးတော့ လူကြီးဖြစ်လာသလဲ၊ တွေ့ကြုံဖြတ်သန်းနေရတဲ့ ဘဝမှာ ဒါတွေကို စုဆောင်းပြီး ကျွန်တော်တို့ လူကြီးဘဝနဲ့ နိုင်ငံတာဝန်ကို ကောင်းသောပတ်ဝန်းကျင်၊ ကောင်းသော အတွေ့အကြုံကို ကောင်းသောလေ့လာမှုတွေနဲ့ သူတို့ဟာ ပိုပြီးထူးချွန်တဲ့ လူငယ်တွေကနေ ကိုယ်ကိုယ်တိုင် ထူးချွန်မှုအပြင် အများအကျိုးအတွက် ဖြစ်ရမယ်။

ဒါကြောင့်မို့လို့ ရည်ရွယ်ချက်ကတော့ ဦးဆောင်တဲ့ ပုဂ္ဂိုလ်တိုင်း၊ မိဘတိုင်းအပေါ်မှာ မူတည်တယ်။ သို့သော် နိုင်ငံတော်က အခြေအနေနဲ့ အချိန်အခါကိုလိုက်ပြီး လူမှုရေးလုပ်ငန်းတွေနဲ့ ဦးစားပေးလုပ်ငန်းအနေနဲ့ရှိတယ်။ နိုင်ငံတော် သမ္မတကြီးအနေနဲ့ ဦးစားပေးလုပ်ငန်းအနေနဲ့ သတ်မှတ်ပြီး ယနေ့နိုင်ငံတော်ကို ခေတ်မီတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးအနေနဲ့ တည်ဆောက်နေတဲ့ အချိန်မှာ ခုနကပြောသလို ပညာတတ်တဲ့သူ၊ စိတ်ကောင်းစေတနာကောင်းတဲ့သူတွေနဲ့ တည်ထောင်ရပါမယ်။

ရင်းနှီးမြှုပ်နှံမှုတွေအထဲမှာ လူငယ်များရင်းနှီးမြှုပ်နှံမှုက အနာဂတ်နိုင်ငံအတွက် ဆိုးကျိုးမရှိပါဘူး။ ကောင်းမွန်တဲ့ ရင်းနှီးမြှုပ်နှံမှုပါ။ ပညာရေးကောင်းအောင်၊ ကျန်းမာရေးကောင်းအောင်၊ စာရိတ္တကောင်းအောင်၊ လူ့ဆက်ဆံရေးကောင်းအောင်၊ စေတနာကောင်းတွေ၊ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် သေချာပေါက် အမြတ်အစွန်းရမယ်။ အမြတ်အစွန်းဆိုတာ ပိုက်ဆံနဲ့ ကြည့်တွက်လို့မရဘူး။ GDP နဲ့ ကြည့်တွက်လို့မရဘူး။ ဒါကြောင့်မို့ ဒီနေ့ရင်းနှီးမြှုပ်နှံမှုဟာ ဒါဟာ သေချာပေါက် နိုင်ငံအတွက်၊ ပြည်သူအတွက် အမှန်တကယ် အမြတ်အစွန်းရှိမယ့် ကိစ္စဖြစ်ပါတယ်။

အနာဂတ်နိုင်ငံတော်သစ်အတွက် အားထားရမည့် လူငယ်မျိုးဆက်သစ်မောင်မယ်များအနေဖြင့် စိတ္တ၊ ကာယနှစ်ဖြာလုံး ဖွံ့ဖြိုးကျန်းမာကြံ့ခိုင်ရန် မလွဲမသွေ လိုအပ်သကဲ့သို့ နိုင်ငံတော်အပိုင်းကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အနာဂတ်အတွက် ယနေ့လူငယ်များ၏ အခန်းကဏ္ဍသည် များစွာ အရေးကြီးသည်ဖြစ်ရာ သွေးသစ်လောင်း အားဖြည့်ခြင်းဖြင့် ခေတ်မီတိုးတက်သည့် အနာဂတ်နိုင်ငံတော်သစ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းယှဉ်နိုင်မည့် လူငယ်လေးများ ပေါ်ထွန်းလာစေနိုင်ပါကြောင်း။ ။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဖေသက်ခင်

ပြည်သူ့လွှတ်တော်
နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ
ဦးလှမြင့်ဦး။

ရေနွေးငွေ့စက်ခေါင်းဖြင့် လူစီးတွဲ / ဘရိတ်တွဲတို့ဖြင့် ဖွဲ့ဆင်လျက် ပုဂံ – ကျောက်ပန်းတောင်းခရီးစဉ်တွင် ကမ္ဘာလှည့်ခရီးသည်များအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို စိတ်ဝင်စားသူများအားဖိတ်ခေါ်

နေပြည်တော် ဧပြီ ၂၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြုပြင်ပြီးဖြစ်သော ရေနွေးငွေ့စက်ခေါင်းဖြင့် လူစီးအထက်တန်း တွဲ/ဘရိတ်တွဲတို့ဖြင့်ဖွဲ့ဆင်လျက် ပုဂံ-ကျောက်ပန်းတောင်း-ပုဂံခရီးစဉ်တွင် ကမ္ဘာလှည့်ခရီးသည်များအတွက် အထူးရထားခရီးစဉ်ကို စင်းလုံးငှားစနစ်ဖြင့်ဆောင်ရွက်ရန် စိတ်ဝင်စားသူ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့စိတ်ဝင်စားသူ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of Interest)တွင် ဆောင်ရွက်လိုသည့်လုပ်ငန်းစဉ်အား အဆိုပြုဖော်ပြလျက် ပုဂ္ဂလိကလုပ်ငန်းရှင်အမည်နှင့် အဖွဲ့အစည်းအမည် (မြန်မာနိုင်ငံသားပိုင်ဖြစ်ရမည်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (မိတ္တူပူးတွဲ)နှင့် ဆက်သွယ်ရန်လိပ်စာ၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ (မိတ္တူပူးတွဲ)၊ လုပ်ငန်းလိုင်စင် (မိတ္တူပူးတွဲ)၊ လုပ်ငန်းတည်နေရာ (လိပ်စာအပြည့်အစုံ)၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဆောင်ရွက်ခဲ့ဖူးသည့် လုပ်ငန်းဆိုင်ရာအတွေ့အကြုံအသေးစိတ်၊ ဘဏ္ဍာရေးခိုင်မာမှုနှင့် ပိုင်ဆိုင်မှုအထောက်အထား (မိတ္တူပူးတွဲ)၊ ရထားမောင်းနှင်ရေးအတွက် အဓိကကျသော Furnace Oil (FO)နှင့် Hard Grease ကို မြန်မာ့မီးရထားသို့ ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအစဉ်၊ ရေနွေးငွေ့စက်ခေါင်းနှင့်တွဲများအား ပုဂံဘူတာ၌ထိန်းသိမ်းထားရှိမည့်အစီအစဉ်နှင့် ကြံ့ခိုင်ရေးဆောင်ရွက်မည့် အစီအစဉ်၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော ပြည်တွင်း/ပြည်ပနေရာများသို့ ဆက်သွယ်ရေးနည်းပညာအသုံးပြု၍ Marketing ပြုလုပ်မည့်အစီအစဉ်၊ ဆောင်ရွက်မည့်လုပ်ငန်းအစီအမံ(Conceptual Plan)စသည့် အထောက်အထား အချက်အလက်များနှင့်အတူ မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီးသို့ မေ ၇ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ပေးပို့ကြပါရန် ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **လှည်းကူးမှ**

၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၂၅၀၀၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ပေ ၂၄၀၀ တိုင်ထူ ကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အိမ်ထောင်စုအလိုက်အိမ်ဆောက်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ မတ်လဆန်းတွင် ပြောင်းရွှေ့ရောက်ရှိလာသူ အိမ်ထောင်စု ၁၆၇ စုကို မဲနှိုက်၍ မြေကွက်များ သတ်မှတ်နေရာချထားပေးခဲ့ကြောင်းနှင့် အိမ် ၄၅ လုံးတည်ဆောက်ပြီးဖြစ်ကြောင်း၊ ကျန်ဆောက်လုပ်ဆဲအိမ်များကို မေလဆန်းတွင် အပြီးဆောက်လုပ်ရန် လျာထားဆောင်ရွက်ပေးလျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။

ရွာအတွင်း ဂဝံလမ်းဖောက်လုပ်ခြင်းကိုလည်း ၂၀၁၄ ခုနှစ် မေလဆန်းတွင် အပြီးဆောင်ရွက်ပေးရန် တာဝန်ရှိသူများက အင်တိုက်အားတိုက်ဆောင်ရွက်ပေးနေကြောင်းနှင့် သောက်သုံးရေအတွက် လေးလက်မ စက်ရေတွင်းကို ဧပြီလကုန်တွင် တူးဖော်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❍ **ကျောဖုံးမှ**

လီဗာပူးအသင်းသည် အဆိုပါ အမ်ဖီးလ်ကွင်းတိုးချဲ့တည်ဆောက်မှုနှင့် စပ်လျဉ်း၍ လီဗာပူးအသင်းပိုင်ပုဂ္ဂလိကကုမ္ပဏီနှစ်ခုနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် လူသိရှင်ကြား ကြေညာလိုက်ခြင်း ဖြစ်သည်။ လီဗာပူးအသင်း၏ လက်ရှိအသုံးပြုလျက်ရှိသော အမ်ဖီးလ်ကွင်းသည် အင်္ဂလန်တွင် ခုနစ်ကွင်းမြောက် အကြီးဆုံးဘောလုံးကွင်းဖြစ်သည်။ လက်ရှိအမ်ဖီးလ်ကွင်း၏ ပရိသတ်ဝင်ဆံ့မှုမှာ ၄၅၂၇၆ ဦးသာ ဝင်ဆံ့ပြီး တိုးချဲ့တည်ဆောက်ပြီးပါက နောက်ထပ် ၄၈၀၀ အထိ ထပ်မံဝင်ဆံ့နိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

အာရှယူ-၁၉ ပြိုင်ပွဲတွင် မြန်မာယူ-၁၉ အသင်း အုပ်စု(က)၌ ကျရောက်

ရန်ကုန် ဧပြီ ၂၄

အာရှဘောလုံးအဖွဲ့ချုပ်(AFC) က ကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ လူငယ်ဘောလုံးပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲအခမ်းအနားကို ယနေ့ညပိုင်းက Park Royal ဟိုတယ်၌ ပြုလုပ်သည်။**(ယာပုံ)**

အုပ်စုမဲနှိုက်ရေးဆွဲမှုအရ အိမ်ရှင်မြန်မာလူငယ်အသင်းမှာ အုပ်စု(က)တွင် အီရန်၊ ထိုင်း၊ ယီမင်တို့နှင့်အတူ ပါဝင်နေပြီး အုပ်စု(ခ)တွင် ဥဇဘက်ကစ္စတန်၊ ဩစတြေးလျ၊ ယူအေအီး၊ အင်ဒိုနီးရှား၊ အုပ်စု(ဂ)တွင် တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ဗီယက်နမ်၊ အုပ်စု(ဃ)တွင် အီရတ်၊ မြောက်ကိုရီးယား၊ ကာတာ၊ အိုမန်တို့ပါဝင်နေသည်။ အုပ်စုမဲခွဲပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှာစကားပြောကြားပြီး အာရှဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့်အတူ နိုင်ငံ့ဂုဏ်ဆောင်မြန်မာ့လက်ရွေးစင်ဟောင်း ဘောလုံးသမားများဖြစ်သည့် ဦးသန်းတိုးအောင်နှင့် ဦးစိုးမြတ်မင်းတို့က မဲနှိုက်ရေးဆွဲပေးခဲ့သည်။

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

ပြိုင်ပွဲကို အောက်တိုဘာ ၉ ရက်မှ ၂၃ ရက်အထိ ရန်ကုန်နှင့် နေပြည်တော်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

မိုးညှင်းမြို့နယ်အတွင်း ရော်ဘာတိုးချဲ့စိုက်ပျိုးသော်လည်း ဈေးကွက်မကောင်း၍ အခက်တွေ့နေ

မိုးညှင်း မေ ၂၄

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း နှစ်စဉ်ရော်ဘာတိုးချဲ့စိုက်ပျိုးလျက်ရှိသော်လည်း ဈေးကွက်မကောင်းသဖြင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အခက်တွေ့နေကြကြောင်း သိရသည်။

"လက်ရှိ ရော်ဘာတစ်ပေါင်ကို ကျပ် ၇၀၀၊ ၇၃၀ ပဲရှိတယ်။ ဒီဈေးနဲ့ဆိုရင် စီးပွားတွက်ခြေမကိုက်ဘူး" ဟု မိုးညှင်းမြို့ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူ ဦးဇော်ဘောမ်က ပြောသည်။

"အဓိကကတော့ တရုတ်ဈေးကွက်ပဲ ကျွန်တော်တို့က မန္တလေးဒိုင်ကို ပို့တယ်။ အဲဒီကမှတစ်ဆင့် တရုတ်ပြည်ကို ပို့ကြတယ်။ တရုတ်က မြန်မာ့ရော်ဘာကို ဆယ်စုနှစ်လောက် ဝယ်ပေးခဲ့တယ်။ အခုတရုတ်က အဝယ်ရပ်ထားတယ်"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ရော်ဘာသည် ကချင်ပြည်နယ်ရာသီဥတု၊ မြေဩဇာနှင့် အသင့်တော်ဆုံးဖြစ်ပြီး အပင်ကြီးထွားနှုန်းလည်း အကောင်းဆုံးဖြစ်သည်ဟု သိရသည်။ မိုးညှင်းမြို့နယ်၌ ရော်ဘာတစ်ဧက ပျမ်းမျှပေါင် ၁၈၀၀၊ ၂၀၀၀ ခန့် ထွက်ရှိကြောင်းနှင့် ရော်ဘာပျိုးပင်များအား သီးခြားပြုစုပျိုးထောင်သူများရှိပြီး ပျိုးပင်တစ်ပင်လျှင် ကျပ် ၁၀၀၀၊ ၁၅၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အပါအဝင် မြန်မာ့ရော်ဘာအား နိုင်ငံတကာဈေးကွက်ဝင်ပြီး ကမ္ဘာ့ဈေးနှုန်းရရှိရန် အရည်အသွေးပြည့်မီသည့် ရော်ဘာကုန်ကြမ်းများ ထုတ်လုပ်နိုင်ရန်လိုအပ်ကြောင်း၊ ၎င်းအတွက် နိုင်ငံတော်က ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ပေးရန် အရေးတကြီး လိုအပ်လျက်ရှိကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများက ပြောဆိုနေကြသည်။

ကေဆိုင်းနော်(ဖားကန့်)

မန္တလေးတိုင်းဒေသကြီး ပုပ္ပားတောင်ကလပ်သို့ ပြည်တွင်းဧည့်သည်များသာမက နိုင်ငံခြားဧည့်သည်များပါ လာရောက်ကြသည်ကို မေ ၁၄ ရက်က တွေ့ရစဉ်။ မောင်မောင်စိုး(မြစ်ငယ်)

နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဟောင်းကြီးများနှင့် ၂၀၁၃ ခုနှစ်အတွက် အကောင်းဆုံး(အမျိုးသား/အမျိုးသမီး)အားကစားသမားများ ဂုဏ်ပြုပွဲကျင်းပမည်

နေပြည်တော် မေ ၂၄

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီတို့က အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ခဲ့ကြသည့် ခေတ်အဆက်ဆက် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများနှင့် ၂၀၁၃ ခုနှစ် အကောင်းဆုံး(အမျိုးသား/အမျိုးသမီး) အားကစားသမားဆုရရှိကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ရာ အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်နှစ်ခုနှင့်အထက် ရရှိခဲ့ကြသူများ၊ အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲများနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်လေးခုနှင့်အထက် ရရှိခဲ့သူများအား ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်သည်။

ဂုဏ်ပြုရန် သတ်မှတ်ချက်နှင့် ကိုက်ညီသည့် အောက်ပါအားကစားသမားဟောင်းကြီးများအား စိစစ်ရွေးချယ်ထားကြောင်းနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို မေ ၁၀ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသွားရန် စီစဉ်ထားသည်။

စိစစ်ရွေးချယ်ထားသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများမှာ (ဘောလုံး)အားကစားနည်းမှ ဦးမျိုးဝင်းညွန့်၊ ဦးရဲညွန့်၊ ဗိုလ်ကြီးဝင်းမောင်(ငြိမ်း)၊ ဗိုလ်ကြီးတင်အောင်(ငြိမ်း)(ကိုး)၊ ဦးအေးမောင်ကြီး၊ ဦးစိုးပိုင်၊ ဦးဘပု၊ ဦးဘရီ၊ ဗိုလ်ကြီးတင်အေး(ငြိမ်း)၊ ဦးဝင်းမောင်(ရဲအုပ်)(ငြိမ်း)၊ ဦးအေးမောင်လေး၊ (ပြေးခုန်ပစ်)အားကစားနည်းမှ ဒေါ်ခင်ခင်ထွေး(၂)၊ ဒေါ်မာမာမင်း၊ ဒေါ်သန်းသန်း၊ ဗိုလ်ကြီးကိုကို၊ ဒေါ်ဂျနီဖာတင်လေး၊ ဒေါ်လှရွှေ၊ ဗိုလ်ကြီးခင်စိုး(ငြိမ်း)၊ (ဘော်လီဘော) အားကစားနည်းမှ ဦးထွန်းလင်း၊ (အလေးမ)အားကစားနည်းမှ ဦးထိန်ဝင်း၊ ဦးအေးဝင်း၊ (ဂျူဒို)အားကစားနည်းမှ ဒေါ်ခင်ခင်မူ၊ (လှေလှော်) အားကစားနည်းမှ ဒေါ်ခင်မာဦး၊ ဒေါ်မြချိုဦး၊ (တင်းနစ်)အားကစားနည်းမှ ဦးမောင်မောင်လေးနှင့် (ဝူရှူး)အားကစားနည်းမှ ဒေါ်ဆွေဆွေသန့်နှင့် ဒေါ်ခိုင်ခိုင်မော်တို့ဖြစ်ပြီး ဂုဏ်ပြုပွဲအခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် တက်ရောက်မည့်အခြေအနေကို ညွှန်ကြားရေးမှူး လူထုအားကစားနှင့်ပညာပေးဌာနခွဲ ဖုန်း-၀၉-၂၀၀၂၁၉၆ နှင့် ၀၆၇-၄၀၆၀၂၆ သို့ ဆက်သွယ်ပေးကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

မူကြိုပညာရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၄

ပညာရေးမြှင့်တင်မှုလုပ်ငန်းအဖွဲ့ ၁၈ ခုမှ မူကြိုပညာရေးလုပ်ငန်းအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ကျင်းပရာ ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မျိုးမြင့်ကြူက အမျိုးသားပညာရေးဥပဒေရေးဆွဲပြီးနောက် ဥပဒေတွင်ပါသော အချက်များကို လက်တွေ့ကျစွာ အကောင်အထည်ဖော်နိုင်ရေး၊ ၂၀၁၄-၂၀၁၅ပညာသင်နှစ်မှစ၍ ကျောင်းများ၌ စံနမူနာပြု အာဆီယံစံနှင့်ကိုက်ညီသော ကျောင်းအခြေပြုမူလတန်းကြိုကျောင်းများ ဆက်လက်ဖွင့်လှစ်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသို့ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး /ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ UNICEF မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

1973-88 စစ်တွေကောလိပ်ကျောင်းသား/ကျောင်းသူဟောင်းများ(ရန်ကုန်)

အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ၁၉၇၃ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိသာ တာဝန်ထမ်းဆောင်ခဲ့သော ကျေးဇူးရှင် ဆရာကြီး/ဆရာမကြီးများကို ပူဇော်ကန်တော့နိုင်ရန်နှင့် ပညာသင်နှစ်အတွင်းဆုံးဆည်းခဲ့ကြပြီး ဝေးကွာနေခဲ့ကြတဲ့မောင်နှမ သူငယ်ချင်းတွေ ပြန်လည်ဆုံတွေ့ပြီး ကျောင်းတော်ကြီးရဲ့ အမှတ်ရစရာလေးတွေ ပျော်ရွှင်စရာလေးတွေ အလွမ်းဖြေကြရအောင် အောက်ပါအစီအစဉ်အတိုင်း ဖြစ်မြောက်ရေးအဖွဲ့သို့ ဆက်သွယ်၍ဖြစ်စေ၊ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါ သည်။

အာစရိယပူဇော်ပွဲအစီအစဉ် -၄-၅-၂၀၁၄ ရက် (တနင်္ဂနွေနေ့)နံနက် ၈း၀၀နာရီ၊ ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ

သူငယ်ချင်းများ၏မိတ်ဆုံစားပွဲအစီအစဉ် -၄-၅-၂၀၁၄ ရက်(တနင်္ဂနွေနေ့)ညနေ ၆း၃၀နာရီ၊ **M3 Food Centre**

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

ဦးဇော်အေးမောင်	၀၉-၅၁၄၀၄၀၇	ဒေါ်ညိုမီကျော်ဇော်	၀၉-၅၀၂၄၃၀၃
ဦးဝင်းမောင်	၀၉-၇၃၀၀၁၄၄၇	ဒေါ်ခိုင်ခိုင်ဇံ	၀၉-၅၅၀၂၃၈၃
ဦးဦးလှမြင့်	၀၉-၅၀၀၂၈၃၁	ဒေါ်လှလှရီ	၀၉-၇၃၀၅၉၈၂၇
ဦးမောင်မောင်ကျော်	၀၉-၅၁၇၁၉၅၁	ဒေါ်ခင်လှမြိုင်	၀၉-၅၀၃၉၂၅၅
ဦးစံရွှေမောင်	၀၁-၂၉၉၂၅၈	ဒေါ်နုနုဇံ	၀၉-၄၂၁၁၂၆၆၇
ဦးဝင်းရွှေ	၀၉-၇၃၀၃၈၅၆၃	ဦးကြည်ဝင်း	၀၁-၅၅၂၃၈၀
ဒေါ်ကျော့မြခင်	၀၉-၅၀၀၇၅၅၇	ဦးတင်အောင်စိုး	၀၉-၅၁၄၈၅၃၀
ဒေါ်လီလီဇံ	၀၉-၅၀၁၀၁၉၅	ဦးထွန်းဝင်း	၀၉-၅၅၀၀၄၁၅
ဒေါ်ခင်မာနု	၉-၄၄၈၀၂၂၅၃၉	ဦးထွန်းဝင်း(သင်္ဘောသား)	
ဒေါ်လှသာစိန်	၀၉-၇၃၁၅၃၃၅၃		၀၉-၅၁၉၃၀၈၂
ဒေါ်မာလာကြည်	၀၉-၇၃၁၅၄၃၁၃	ဦးအေးထွန်း	၀၉-၂၅၀၁၇၂၀၃၆
ဒေါ်တင်မြင့်ခိုင်	၀၉-၇၃၀၀၁၈၆၂	ဦးညီအေး	၀၉-၃၁၂၆၂၉၄၆

မြို့တွင်းမြို့လယ်လမ်းများတွင် ယာဉ်ရပ်နားခ တစ်နာရီ ကျပ် ၂၀၀ နှုန်း ကောက်ခံသော်လည်း လမ်းသွယ်များတွင် ဝင်ရောက်ရပ်နားမှုများလာ

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်မြို့တွင်း မြို့နယ်များတွင် ဧပြီ ၆ ရက်မှစ၍ နံနက် ၈ နာရီမှ ညနေ ၆နာရီအတွင်း ယာဉ်ရပ်နားခ တစ်နာရီ ကျပ်၂၀၀ နှုန်း ကောက်ခံသည်ဆိုသော်လည်း တစ်နေကုန် ရပ်ထားသည့် ကားများဆိုလျှင် ၁၀ နာရီအတွက် ကျပ် ၂၀၀၀ အစား ၂၅ ရာခိုင်နှုန်းဖြစ်သော ၅၀၀ ကျပ်သာ ကောက်ခံနေကြောင်း ယာဉ်ရပ်နားခ ကောက်ခံသူတစ်ဦးနှင့် တစ်နေကုန် ယာဉ်ရပ်နားသူ၊ သတင်းစာ၊ ဂျာနယ် ရောင်းချသူတစ်ဦးက ဆိုသည်။

အချို့သော နေရာများတွင် တစ်လလျှင် နှစ်သောင်းကျပ်နှုန်းဖြင့် ကောက်ခံမှုရှိကြောင်း၊ လမ်းမကြီးများပေါ်တွင် ကပ်လျက်လမ်းသွယ်နှစ်လမ်း အကြား မျက်နှာချင်းဆိုင်လမ်းဘေး နှစ်ဖက်ရပ်နားသော ယာဉ်များထံမှ ယာဉ်ရပ်နားခ ငွေကောက်ခံသူတစ်ဦး နှုန်းဖြင့် ကောက်ခံနေသည်ကို တွေ့ရကြောင်း၊ အချို့သော လမ်းမကြီးဘေးတွင် နေရာဦးဆိုင်းဘုတ်များချိတ်ဆွဲထားသည်ကို တွေ့ရဆဲဖြစ်ကြောင်း၊ ယာဉ်ရပ်နားခငွေအတွက် နေရာဦး ဆိုင်းဘုတ် ချိတ်ဆွဲထားသည့် တစ်နေရာအတွက် တစ်နေကုန်ယာဉ်ရပ်နားခငွေ ကျပ် ၅၀၀ ပေးဆောင်ရသည်ဟု ယာဉ်ရပ်နားခကောက်ခံသူက ဆိုသည်။

ယာဉ်ရပ်နားခ ပြန်လည်စတင်ကောက်ခံသည့်အချိန်ဖြစ်၍ နေရာအများအပြားတွင် ယာဉ်ရပ်နားရန် နေရာလွတ်များရှိနေဆဲဖြစ်ကြောင်း၊ အချို့သောယာဉ်များဆိုလျှင် မိမိအိမ်ရှေ့ဖြစ်သည်ဆိုကာ ယာဉ်ရပ်နားခ ငွေမပေးမှုများလည်း ရှိနေကြောင်း၊ လသာမြို့နယ်အတွင်းရှိ မဟာဗန္ဓုလလမ်းဘေး ယာဉ်ရပ်နားရာနေရာတွင် ဈေးဆိုင်ခန်း တည်ခင်းရောင်းချမှုကြောင့် လမ်းလယ်မျဉ်းဝါကွက်နှင့် လမ်းမပေါ်တွင် ရပ်ထားရတတ်သည်ဟု ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။ ညနေပိုင်းမှစ၍ လမ်းလယ်နှင့် လမ်းမပေါ်ယာဉ်များရပ်နားမှုကြောင့် ယာဉ်ကြောတစ်ကြောစာသာ သွားလာ၍ရသည်ဟု ယင်းလမ်းကြောင်းပေါ် သွားလာနေသော လိုင်းကားစီးခရီးသည်တစ်ဦးက ဆိုသည်။

ယာဉ်ရပ်နားခ ငွေကျပ် ၂၀၀ မပေးလို၍ လမ်းဘေးရပ်ထားသော အငှားယာဉ်များ လမ်းမကြီးများတွင် မရှိသလောက်ဖြစ်လာကြောင်း၊ လမ်းမအနီး နေအိမ်များမှ ယာဉ်ပိုင်ရှင်များ လမ်းသွယ်များတွင် ယာဉ်များဝင်ရောက်ရပ်နားရာ အချို့သော နေအိမ်များရှေ့တွင် တာယာကွင်းများ၊ ပန်းအိုးများချထား၍ အလွယ်တကူရပ်၍မရကြောင်း၊ ဖယ်ရှားလျှင် စကားအချေအတင်ပြောရကြောင်း၊ အချို့သော တစ်နေကုန် အလုပ်ဆင်း အလုပ်တက် မိမိအိမ်ရှေ့မဟုတ်သော နေရာများတွင် အိပ်ခန်းနေထိုင်သူများအား အကြောင်းကြားထားမှုမရှိဘဲ ရပ်ထားလေ့ရှိသဖြင့် နေရာဦးပစ္စည်းများချထားရသည်ဟု လမ်းသွယ်အတွင်း နေထိုင်သူကဆိုသည်။

နေအိမ်ရှေ့ ယာဉ်ရပ်နားမှုနှင့် ပတ်သက်၍ အချို့သော ယာဉ်ပိုင်ရှင်များမှ စည်ပင်မြေမှာရပ်ခြင်းဖြစ်၍ တိုင်ချင်ရာတိုင်ဟု ပြောဆိုမှုများရှိကြောင်း၊ သိန်းချီတန်သော စပ်တပ်ယာဉ်ပိုင်ဆိုင်သော်လည်း တစ်နေကုန်ရပ်လျှင် ပေးရသော ယာဉ်ရပ်နားခငွေ ကျပ် ၅၀၀ ကို မပေးလိုဘဲ လမ်းသွယ်များတွင် ဝင်ရောက်ရပ်နေသော လမ်းမတန်းနေသူများကြောင့် လမ်းသွယ်များတွင်နေထိုင်သူများ ယာဉ်ရပ်နားမှုနှင့်ပတ်သက်၍ နေ့စဉ်စကားအခြေအတင် ပြောဆိုရမှုများရှိနေသည်ဟု ဆိုသည်။

အခွင့်အရေးတစ်ရပ်အနေဖြင့် လမ်းသွယ်အတွင်း ယာဉ်ရပ်လိုသည့်အခါ စည်ပင်ပိုင်ဟုပြောဆိုနေသူများသည် မိမိအိမ်ရှေ့စည်ပင်ပိုင်မြေတွင် ယာဉ်ရပ်နားခ တစ်နာရီ ကျပ် ၂၀၀၊ တစ်နေကုန် ကျပ် ၅၀၀ ပေးရမည်ဆိုသည်ကို ရှောင်ပြေးနေသည်မှာ သဘာဝမကျကြောင်း ယာဉ်ရပ်နားခငွေ မကောက်သည့် နံပါတ်တပ် လမ်းသွယ်များတွင် နေထိုင်သူများက ဆိုသည်။ **(မောင်စေအောင်)**

ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေပြုသင်တန်းဖွင့်

နေပြည်တော် ဧပြီ ၂၄

သတ္တုတွင်းဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ကြီးမှူး၍ ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေပြုသင်တန်းဖွင့်ပွဲကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီတွင် သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ ဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယကအဖွဲ့ဝင်များဖြစ်ကြသော သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဝန်ကြီး၏ဇနီး ဒေါ်မို့မို့နွယ်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး၏ဇနီး ဒေါ်မို့မို့နွယ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေပြုသင်တန်းကို အစီအစဉ်အတိုင်း ဆက်လက်ပို့ချခဲ့သည်။ သင်တန်းဖွင့်ပွဲအပြီးတွင် ဒေါ်ကြည်ကြည်ဝင်းနှင့်အဖွဲ့သည် နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိမြို့ မဟာပရဟိတဂေဟာ စမတောင်သို့ သွားရောက်၍ ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်၊ လှူဖွယ်ပစ္စည်းများ သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ပုံစံသွန်းခွက်ဖြင့် စိုက်ပျိုးအောင်မြင်လျက်ရှိသော 855 ဖရဲမျိုး

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတစ်ဝန်း လယ်ယာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြု၍ တောင်သူပညာပေး လုပ်ငန်းများ တစ်နိုင်ငံလုံးသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း ပျံ့နှံ့အောင်ဆောင်ရွက်လျက်ရှိရာ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် ဆန်းသစ်တီထွင်မှုပြုလာသည်ကိုလည်း တွေ့ရသည်။

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကိုးရွာ သပြေကုန်းကျေးရွာ ဧက ၅၀၀ တောင်သူပညာပေး စိုက်ကွင်းအတွင်း 855-ဖရဲမျိုးကို ပုံစံသွန်းခွက်ဖြင့် စနစ်တကျစိုက်ပျိုးထားသည့်အကြောင်းနှင့် ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဒေါ်အိမွန်ကျော်က ရှင်းပြရာတွင် "ဖရဲမျိုးကတော့ 855 မျိုးဖြစ်ပါတယ်။ ပုံစံသွန်းခွက်နဲ့ စိုက်ရတဲ့အတွက် ရောဂါပိုးမွှား ကင်းပါတယ်။ ရေဝပ်တဲ့နေရာတွေမှာဆိုရင်ရေနဲ့ တိုက်ရိုက်မထိနိုင်ဘူး။ သယ်ယူပို့ဆောင်တဲ့အခါ လွယ်ကူတယ်။ အမြင်မှာလည်း ဆန်းတယ်။ ပုံစံသွန်းခွက်က နှစ်မျိုးရှိပါတယ်။ ခြောက်ထောင့်နဲ့ လေးထောင့်၊ ဒီသီးနှံရဲ့ပုံစံကလည်း ပုံစံခွက်အတိုင်း ဖြစ်လာမှာဖြစ်ပါတယ်။ တစ်ဧကကို အပင် ၂၀၀၀ စိုက်လို့ရပါတယ်။အခု စိုက်ထားတာက ဒသမ ၅၀ ဆိုတော့ အပင် ၁၀၀၀ လောက် စိုက်ထားပါတယ်။ သက်တမ်းက ရက် ၈၀ သက်တမ်းဖြစ်ပါတယ်" ဟု ပြောသည်။ **ကိုပေါက်(ဥက္ကာမြေ)**

အမည်ပြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ကွမ်းခြံပန်းခြံလမ်းနေ ဦးအောင်မြင့်-ဒေါ်လှရီတို့၏သား မောင်ဘာမထီအာကာအောင် [၁၄/ပသန(နိုင်)၁၉၅၅၈၁]အား ယနေ့မှစ၍ မောင်ကောင်းခန့်ကိုဟု ပြောင်းလဲခေါ်ပါရန်။

သွင်းကုန်လိုင်စင်(ကားပါမစ်) ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နန်းသူဇာရွှေ[၁၂/အစန(နိုင်)၁၅၅၈၈၁]သည် Licence No. ISP IDV8 13-14/52638 (11-2-14) သည် ခရီး သွားရင်း ၁၂-၃-၂၀၁၄ရက်တွင် ပျောက်ဆုံး သွားပါသဖြင့် (ကားပါမစ်) မိတ္တူမှန် ပြန်လည် လျှောက်ထားရန်။

ဖုန်း-၀၉-၄၃၁၇၇၉၈၁

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာတွင် တည်ရှိသော N.D.W. Co.,Ltd မှ Managing Director ဦးကျော်စွာဝင်း၏ ၂၅-၄-၂၀၁၄ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပျော်ရွှင်မှုများပိုင်ဆိုင်ရရှိပြီး အောင်မြင်ပြည့်စုံသော ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

N.D.W. CO.,LTD
NEW. DANA WORLD INTERNATIONAL TRADING & GENERAL SERVICES မှ
ဝန်ထမ်းကောင်းများ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန
သဘာဝအခြေခံအပန်းဖြေစခန်း တည်ထောင်လုပ်ကိုင်ရန်
အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၊ ဝါးအလယ်ကျွန်းပေါ်ရှိ သစ်တောဦးစီးဌာနပိုင်မြေဧရိယာတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သဘာဝအခြေခံအပန်းဖြေစခန်းကို နှစ်ရှည်မြေငှားရမ်းစနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်လိုသည့် ပြည်တွင်း/ပြည်ပ(ပုဂ္ဂလိ)အဖွဲ့အစည်းများ၊ ကုမ္ပဏီများသို့ တင်ဒါအဆိုပြုလွှာ တင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ တင်ဒါအတွက် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အချက်အလက်များ ဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-ဖြင့် ၂၅-၄-၂၀၁၄ ရက်မှ ၂၃-၅-၂၀၁၄ ရက်အတွင်း သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ ဝါးအလယ်ကျွန်းပေါ်ရှိ မြေနေရာကို B.O.T စနစ်ဖြင့် ငှားရမ်းသွားမည်ဖြစ်ပြီး တင်ဒါအဆိုပြုလွှာများကို ၃၀-၅-၂၀၁၄ ရက် ၁၂ နာရီ နောက်ဆုံးထား၍ တင်ဒါယှဉ်ပြိုင်ကြေးနှင့်အတူ သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉)၊ နေပြည်တော်သို့ လာရောက်တင်သွင်းရန် ဖြစ်ပါသည်။ နောက်ကျပေးပို့သည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းအမှတ်-၀၆၇-၄၀၅၀၀၂၊ ၄၀၅၃၉၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

သစ်တောဦးစီးဌာန

သွေးသည်အသက်



ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၅-၄-၂၀၁၄ (သောကြာနေ့)

MRTV

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၆း၂၅ ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
- ၆း၄၀ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ၊ အက
- ၇း၀၀ နံနက်ခင်းသတင်းပြည်တွင်း၊ မိုးလေဝသအခြေအနေ
- ၇း၄၀ "အမှတ်(၃၆)အကြီးစားစက်ရုံ ကျောက်ဆည်"
- ၉း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
- ၉း၄၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၁း၀၀ ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
- ၁၁း၄၀ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၁း၅၀ "သတိနဲ့ယှဉ် အသိနဲ့ပြင်"
- ၁၂း၂၅ ဆေးရောင်စုံရုပ်ရှင် "နှလုံးသားလျှို့ဝှက်ခန်း" (ကျော်ဟိန်း၊ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ကြည်ဖြူသျှင်)
- ၂း၁၀ အဆိုပြိုင်ပွဲ
- ၃း၁၅ "ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး"
- ၃း၄၀ "ရင်သွေးငယ်များကျန်းမာဖို့ ဝက်သက်ရောဂါတိုက်ဖျက်စို့"
- ၄း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၆း၂၀ ချစ်သော၍ကမ္ဘာမြေ

MRTV-4

- ၅း၀၀ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရှူး" (အပိုင်း-၆၉)
- ၉း၃၅ Rifing Venus ဟိုတယ်သစ် ဖွင့်လှစ်ပွဲအခမ်းအနား
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၀း၄၅ အနုပညာမိုးကောင်းကင်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရွှေသရဖူ" (အပိုင်း-၄)
- ၁၁း၅၀ "ကြီးပွားကြောင်းနှင့် ပျက်စီးကြောင်း"တရားတော် (ဓမ္မဒူတဆရာတော် ဒေါက်တာ အရှင်ပညိဿရာဘိဝံသ)
- ၁၂း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး" (အပိုင်း-၂၉)
- ၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းမင်းသမီးရဲ့သူရဲကောင်း" (အပိုင်း-၉)
- ၂း၄၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၄၅ အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ

MWD

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၅ ဓမ္မပူဇာတေး
- ၆း၃၀ ယောဂ
- ၆း၅၀ မြန်မာသံစဉ်ချိုနားဝင်
- ၇း၂၀ မြန်မာပြည်တွင်ထုတ်လုပ်သည်
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
- ၉း၂၀ သူနှင့်သူ၏သီချင်းများ
- ၄း၀၆ တစ်ပတ်အတွင်းစီးပွားရေးသတင်း
- ၄း၁၅ မျိုးချစ်တပ်မတော်
- ၄း၂၅ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၅ ဇာတ်လမ်းတို
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၁၀ မြန်မာသကြ်န်
- ၅း၂၀ လည်မယ်. . . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ "ရွာ"ဟာသဇာတ်လမ်းတွဲ (ဒါရိုက်တာ-မိုးဇော်ကို)
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပန်းပန်လျက်ပါ" အပိုင်း(၄၃)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -သံစဉ်များနှင့်ကမ္ဘာ -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်ထဲကချစ်ခြင်း" အပိုင်း(၃၅)

တေးသီချင်းဗီဒီယိုတွင် ကိုယ်တိုင်ပါဝင်သရုပ်ဆောင်မည့် ကေတီပယ်ရီ

တေးသံရှင် ကေတီပယ်ရီက လူငယ်ပေါ့ပ်ကြယ်ပွင့်အသွင်မှ နောက်ဆုံးထွက်ရှိခဲ့သည့် သူ၏ တေးသီချင်းဗီဒီယိုတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

အမေရိကန်တေးသံရှင်နှင့် တေးရေးဆရာတစ်ဦးဖြစ်သူ ကေတီပယ်ရီသည် ၎င်း၏ စတုတ္ထ မြောက်စတူဒီယို အယ်လ်ဘမ်ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလက ဖြန့်ချိခဲ့ပြီး ယင်းအယ်လ်ဘမ်သည် ယခင်ထွက်ရှိခဲ့သည့် Roar အယ်လ်ဘမ်ထက် အောင်မြင်မှုပိုမိုရရှိခဲ့ပြီး စီးပွားရေးဆိုင်ရာအောင်မြင် မှုအနေဖြင့် ကေတီပယ်ရီသည် အမေရိကန်ဘီလ်ဘုတ်၏ အကောင်းဆုံးသီချင်းအပုဒ် ၁၀၀ စာရင်းတွင် ရှစ်ကြိမ်ဆက်တိုက် ထိပ်တန်းတေးသံရှင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

ထို့အပြင် တေးသံရှင် ကေတီသည် ၎င်း၏ The Prismatic အမည်ရှိ ကမ္ဘာလှည့် ဖျော်ဖြေပွဲကို ယခုနှစ် မေ ၇ ရက်တွင် အိုင်ယာလန်နိုင်ငံမြောက်ပိုင်းရှိ Odyssey အရီနာတွင် စတင်ကျင်းပသွားမည် ဖြစ်သည်။ ဆက်လက်ပြီး ဖျော်ဖြေရေးခရီးစဉ် ပထမပိုင်းတွင် စကော့တလန်နှင့် အင်္ဂလန်တို့တွင် ဆက်တိုက်ဖျော်ဖြေသွားမည်ဖြစ်ပြီး ဒုတိယပိုင်းကို ကနေဒါ၊ မက္ကဆီကိုနှင့် အမေရိကန်တို့တွင် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

Lupita Nyong'o အား ပီးပဲလ်မဂ္ဂဇင်းမှ ကမ္ဘာ့အလှဆုံးအမျိုးသမီးအဖြစ် ဂုဏ်ပြု

၂၀၁၃ ခုနှစ်က ထွက်ရှိခဲ့သည့် 12 Years A Slave ဗြိတိန်-အမေရိကန်သမိုင်းမှတ်တမ်းဒရာမာဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့အော်စကာဆု ဆွတ်ခူးရရှိခဲ့သူ မက္ကဆီကို-ကင်ညာ မင်းသမီး Lupita Nyong'o သည် ပီးပဲလ်မဂ္ဂဇင်း၏ ၂၀၁၄ ခုနှစ်အတွင်း ထိပ်တန်းအမျိုးသမီးများစာရင်းတွင် ထိပ်ဆုံးမှပါဝင်ခဲ့ပြီး ၎င်းအား ယင်းမဂ္ဂဇင်းမှ ကမ္ဘာ့အလှဆုံးအမျိုးသမီးအဖြစ် ဂုဏ်ပြုပေးခဲ့ကြောင်း သိရသည်။

"အရမ်းစိတ်လှုပ်ရှားရပါတယ်၊ ဒါဟာ အဓိက အကျဆုံးသော လက်ဆောင်မွန်ပါပဲ"ဟု အသက်(၃၁)နှစ်အရွယ်ရှိ အော်စကာဆုရှင်မင်းသမီး Lupita က ပြောကြားခဲ့သည်။ ထို့ပြင် မင်းသမီးသည် မကြာသေးမီက ပြင်သစ်အလှကုန်ကုမ္ပဏီတစ်ခုဖြစ်သည့် Lancome ၏ ပထမဆုံးသော လူမည်းအမျိုးသမီးသံတမန်တစ်ဦးဖြစ်လာခဲ့ပြီး များစွာသော နာမည်ကြီးမဂ္ဂဇင်းများ၏ မျက်နှာဖုံးရှင်လည်းဖြစ်လာခဲ့သည်။

ယင်းအပြင် ပီးပဲလ်မဂ္ဂဇင်းမှ ဂုဏ်ပြုချီးမြှင့်သည့် ၂၀၁၄ ခုနှစ်အတွင်း ထိပ်တန်းအမျိုးသမီးများစာရင်းတွင် Iron Man ဇာတ်လမ်းတွဲများ၏ပင်တိုင်မင်းသမီး Gwyneth Paltrow လည်း အပါအဝင်ဖြစ်ခဲ့သည်။

ပေကျင်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော်၏ အဓိကဆုများ The Grandmaster သိမ်းပိုက်

စတုတ္ထ အကြိမ်မြောက် အဖြစ် ကျင်းပသည့် တရုတ်နိုင်ငံ၏ အထင်ကရရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သော ပေကျင်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော် ပိတ်ပွဲကို ဧပြီ ၂၃ ရက်က တရုတ်နိုင်ငံ မြို့တော် ပေကျင်း၌ ကျင်းပခဲ့ရာ ကိုရီးယားအနုပညာရှင်များနှင့် တရုတ်အနုပညာရှင်များ ပေါင်းစပ်ဖန်တီးထားသည့် ဒါရိုက်တာ ဝမ်ကာဝေ၏ The Grandmaster ဇာတ်ကားက ယင်းရုပ်ရှင်ပွဲတော်၏ အဓိကဆုများဖြစ်သည့် အကောင်းဆုံး ဒါရိုက်တာဆု၊ အကောင်းဆုံး ဇာတ်ညွှန်းဆု၊ အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆု၊ အကောင်းဆုံး ရုပ်ရှင်အတတ်ပညာပိုင်းဆိုင်ရာဆု တို့ကို ရရှိဆွတ်ခူးခဲ့သည်။

ထို့အပြင် အဆိုပါရုပ်ရှင်ပွဲတော်တွင် ပေကျင်းရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်စေရန်အတွက် တရုတ်ယွမ် ၁၀ ဒသမ ၅၂ သန်း တန်ဖိုးရှိ ရုပ်ရှင်လုပ်ငန်းဆိုင်ရာစီမံကိန်းများကိုလည်း သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်းသိရသည်။

မျိုးစဉ်ဆက်မှောင် ... ရပ်စဲတည်းသည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက် (၃/၂၀၁၄)
နေပြည်တော်၊ ၁၃၇၆ခုနှစ်၊ တန်ခူးလပြည့်ကျော်(၈)ရက် (၂၀၁၄ခုနှစ်၊ ဧပြီလ ၂၂ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၄ခုနှစ်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကိုမြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊(ပုဒ်မ-၁၃)၊(ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ [လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်)နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ(Bank Statement)ကို ပူးတွဲတင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။]

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကိုမြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာထုတ်ယူခြင်း။ ၂၀၁၄ခုနှစ်၊ ဧပြီလ ၂၈ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများဆောင်ရွက်နိုင်ပါသည်။

(ခ) အဆိုပြုလွှာများတင်သွင်းခြင်း။ အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ် နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၁၄ခုနှစ်၊ ဧပြီလ ၂၈ရက်မှ မေလ ၂၇ရက် အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit) ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာ တင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း(Black List)စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး(မန္တလေး)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုင်းရှူး)တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချမှတ်ထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

Invitation to Open Tender

1 Opened Tenders are invited by Myanmar Radio and Television, Ministry of Information, for the following machinery to be purchased in foreign currency (USD);

(a)	50 KW SW Radio Transmitter	1 Set
(b)	DVB-T2 Set-top Box	100,000 Nos
(c)	Pocket Radio(2 Band, FM & MW)	50,000 Nos
(d)	Pocket Radio(9 Band, FM, MW & SW)	50,000 Nos

2. Opened Tender Forms are available from 9-4-2014 till 8-5-2014 daily between(9:30 AM to 4:30 PM) at Myanma Radio and Television, Nay Pyi Taw(Tatkone).
3. Opened Tenders are to be submitted in the presence of the tender members on the 9-5-2014 between (9:30 AM to 4:30 PM) at Myanma Radio and Television, Nay Pyi Taw(Tatkone). Those tenders exceeding the closing date will not be taken into consideration.
4. Rules regarding the opened tender forms; List of machinery and details are available at the following address.

Machinery Purchasing Committee
Myanma Radio and Television, Nay Pyi Taw
Ministry of Information
Ph:067-79483, 067-79135, 067-79411

ပရီမီယာလိဂ်ရင်ခုန်သံ-၃၄

ရှိုင်းမင်းမင်း

ပရီမီယာလိဂ်ပွဲစဉ်(၃၆)ကိုမေ ၂၆၊ ၂၇၊ ၂၉ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ လီဗာပူးနဲ့ ချယ်လ်ဆီးတို့ဆုံတွေ့နေတာကြောင့် အကြိတ်အနယ်ရှိမှာ သေချာနေတယ်။

ဆောက်သမ်တန်-အဲဗာတန် ည ၆း၁၅ (၂၆-၄-၂၀၁၄)

ဆောက်သမ်တန်က မျှော်လင့်ချက်နဲ့ တွန်းအားမရှိတော့သလို အခုနောက်ပိုင်းပွဲတွေမှာလည်း ခြေကကျနေတယ်။ အဲဗာတန်က ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့မျှော်လင့်နိုင်သေးသလို ဥရောပဝင်ခွင့်ရဖို့အတွက်ဆိုရင်လည်း အမှားမခံသေးဘူး။ ဒါကြောင့် ခြေကောင်းနေတဲ့အပြင် တွန်းအားရှိတဲ့အဲဗာတန်ကို နှစ်သက်တယ်။

ဖူလ်ဟမ်-ဟားလ် ည ၈း၃၀ (၂၆-၄-၂၀၁၄)

ဖူလ်ဟမ်က နောက်ဆုံးပွဲစဉ်မှာ စပါးကိုရှုံးနိမ့်ခဲ့ရပေမယ့် တန်းမဆင်းရဖို့မျှော်လင့်နိုင်တဲ့အခြေအနေမှာရှိနေသေးတယ်။ ဒါကြောင့် အိမ်ကွင်းမှာ အားစိုက်လာမှာဖြစ်သလို နောက်ဆုံးသုံးပွဲမှာလည်း နှစ်ပွဲအထိ အနိုင်ရခဲ့တယ်။ ဟားလ်ခြေကလည်း သာမန်သာရှိတာကြောင့် ဖူလ်ဟမ်ရဲ့ ရှုန်းအားကိုပဲနှစ်သက်တယ်။

စတုတ်-စပါး ည ၈း၃၀ (၂၆-၄-၂၀၁၄)

စပါးက ဥရောပဝင်ခွင့်ရဖို့ မသေချာသေးဘူး။ ဒါကြောင့် မန်ယူရဲ့ ဖိအားပေးမှုကို အလွတ်ရုန်းဖို့ ဒီပွဲမှာလည်း ရလဒ်ကောင်းရေးအတွက် အားစိုက်လာဖို့ရှိတယ်။ ဒါပေမယ့် စတုတ်က အိမ်ကွင်းကစားပုံ မာကျောမှုရှိပြီး လက်ရှိခြေစွမ်းပိုင်းလည်း တည်ငြိမ်မှုရှိတယ်။ မထင်မှတ်ဘဲ သရေကျသွားဖို့များတယ်။

ဆွမ်ဆီး-ဗီလာ ည ၈း၃၀ (၂၆-၄-၂၀၁၄)

ဗီလာကို အနိုင်ရခဲ့တဲ့ပွဲမှာ ဆွမ်ဆီးကစားပုံမဆိုးဘူး။ ဒီ့အပြင် တန်းဆင်းဇုန်ထဲက ကာဒစ်ဖ်ထက်လည်း ခြောက်မှတ်သာအသာရထားလို့ နိုင်ပွဲလိုအပ်နေသေးတယ်။ ဗီလာကလည်းဆွမ်ဆီးနည်းတူအမှတ်လိုနေပေမယ့် အဝေးကွင်းအားနည်းမှုရှိသလို လက်ရှိခြေကလည်း ကျဆင်းနေတယ်။ ဆွမ်ဆီးနဲ့ပဲရပ်တည်မယ်။

ဝက်စ်ဘရွန်း-ဝက်စ်ဟမ်း ည ၈း၃၀ (၂၆-၄-၂၀၁၄)

ဝက်စ်ဟမ်းက တန်းမဆင်းရဘူးလို့အာမခံလို့မရသေးဘူး။ ဒါကြောင့် အမှတ်ရအောင်ခြေကုန်ထုတ်လာမှာဖြစ်ပေမယ့် နောက်ဆုံးသုံးပွဲဆက်တိုက် ရှုံးနိမ့်ခဲ့ရတဲ့အထိခြေက ကျနေတယ်။ ဝက်စ်ဘရွန်းကလည်း တန်းမဆင်းရဖို့တွန်းအားရှိသလို အိမ်ကွင်းအားလည်းရှိကာ ခြေလည်းကောင်းနေတယ်။ ဝက်စ်ဘရွန်းနဲ့ပဲ ရပ်တည်မယ်။

မန်ယူ-နော့ဝှစ်ချ် ည ၁၁း၀၀(၂၆-၄-၂၀၁၄)

နော့ဝှစ်ချ်က တန်းဆင်းဇုန်နဲ့ နီးနေတာကြောင့်အမှတ်ရအောင်ခံကစားမှာပါ။ ဒါပေမယ့် နော့ဝှစ်ချ်ရဲ့လက်ရှိခြေတည်ငြိမ်မှုကတော့ အားနည်းနေတယ်။ မန်ယူက အိမ်ကွင်းအားရှိသလို ဥရောပဝင်ခွင့်အတွက်နောက်ဆုံးအချိန်အထိကြိုးစားသွားမှာ သေချာတယ်။ မန်ယူကပ်ပြီးအနိုင်ရသွားဖို့ရှိတယ်။

ဆန်ဒါးလန်း-ကာဒစ်ဖ် ညနေ ၅း၃၀(၂၇-၄-၂၀၁၄)

တန်းဆင်းဇုန်တိုက်ပွဲပါ။နှစ်သင်းစလုံးအမှတ်ရအောင်အားစိုက်ကစားကြမှာဖြစ်ပါတယ်။ ဒါပေမယ့် ကာဒစ်ဖ်က အဝေးကွင်းခြေအားပျော့တတ်ပြီး ဆန်ဒါးလန်းရဲ့ရုန်းအားက ချယ်လ်ဆီးကိုတောင် နိုင်ခဲ့တဲ့အထိ ထက်မြက်မှုရှိသလို အိမ်ကွင်းမှာဆိုရင်လည်း ခြေကပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါ့ကြောင့် ဆန်းဒါးလမ်းကိုပဲ နှစ်သက်တယ်။

လီဗာပူး-ချယ်လ်ဆီး ည ၇း၃၅(၂၇-၄-၂၀၁၄)

လီဗာပူးသာ ဒီပွဲနိုင်ရင်ချန်ပီယံဖြစ်ဖို့ သေချာသလောက်ရှိမှာဖြစ်တဲ့အတွက် ခြေကုန်ထုတ်မှာပါ။ ပွဲကလီဗာပူးရဲ့ကွင်းဖြစ်တဲ့အပြင် လီဗာပူးရဲ့တိုက်စစ်နဲ့ ကစားပုံကလည်း အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ ချယ်လ်ဆီးက ဒီပွဲမတိုင်ခင်နဲ့ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ဆီမီးပွဲတွေရှိတဲ့အတွက် ခြေကုန်ထုတ်ဖို့ခက်မယ်။ လီဗာပူးကိုပဲ နှစ်သက်တယ်။

ပဲလေ့စ်- မန်စီးတီး ည ၉း၄၀(၂၇-၄-၁၄)

ပဲလေ့စ်ကတန်းဆင်းဇုန်ကလွတ်ပြီ။ ဒါ့ကြောင့် အိမ်ကွင်းဖြစ်ပေမယ့် ရုန်းကန်အားကျသွားနိုင်တယ်။ မန်စီးတီး ကတော့ ချန်ပီယံဆုအတွက် နောက်ဆုံးအချိန်အထိကြိုးစားသွားမယ့်အသင်းပါ။ ဒါကြောင့် မန်စီးတီးသာ ဖိအားပေးရင် ပဲလေ့စ်ထိန်းချုပ်ဖို့ခက်မယ်။ မန်စီးတီးနဲ့ပဲ ရပ်တည်အားပေးရမယ်။

အာဆင်နယ်-ကာဆယ် နံနက် ၁း၃၀(၁၉-၄-၁၄)

ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့မသေချာသေးတဲ့ အာဆင်နယ်ဟာ ဒီပွဲမှာအမှားခံမှာမဟုတ်ဘူး။ ကာဆယ်ရဲ့ခြေကတော့ အားနည်းလွန်းပြီး နောက်ဆုံးငါးပွဲဆက်တိုက်ရှုံးခဲ့ရသလို တွန်းအားလည်းမရှိ။ မျှော်လင့်ချက်လည်းမရှိတဲ့ အခြေအနေရောက်နေတယ်။ အာဆင်နယ်ရဲ့အိမ်ကွင်းအားနဲ့ပဲ ရပ်တည်ရမယ်။

ဘင်ဇီမာ၏တစ်လုံးတည်းသောဂိုးဖြင့် ဘိုင်ယန်မြူးနစ်ကို ရီးယဲလ်အနိုင်ရ ရီးယဲလ်ထက်ကောင်းတဲ့အသင်းမရှိကြောင်း ဘိုင်ယန်နည်းပြဂွါဒီယိုလာ ဝန်ခံ (၁၀)ကြိမ်မြောက် ချန်ပီယံဖြစ်လာရန် ရီးယဲလ် နီးစပ်မှုရှိနေ

ငွေကြယ်

စပိန်လာလီဂါ၏ ထိပ်တန်းအဆင့်ရှိ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဂျာမန်ဘွန်ဒက်လီဂါ၏ ထိပ်တန်းအဆင့်ရှိ ဘိုင်ယန်မြူးနစ်အသင်းတို့သည် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ရီးယဲလ်မက်ဒရစ်အသင်း၏ ဘာနေဗျူးကွင်းကြီးထဲ၌ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းက ဘင်ဇီမာ၏ တစ်လုံးတည်းသောဂိုးဖြင့် ဘိုင်ယန်မြူးနစ်အသင်းအား အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် စီရိုနယ်လ်ဒို၊ ဒီမာရီယာ၊ ဘင်ဇီမာ၊ အစ္စကို၊ မိုဒရစ်၊ ရာမို့စ်၊ ပီပီ၊ အလွန်ဆို၊ ကာဗာဂျယ် စသည့် စွမ်းဆောင်ရည်မြင့်မားသည့် ကစားသမားများကို ပွဲထုတ်ခဲ့သကဲ့သို့ ဘိုင်ယန်မြူးနစ်အသင်းသည်လည်း ရီဘာရီ၊ ရှဝိန်းစတိုင်ဂါ၊ မန်ဇူကစ်၊ ဖီးလစ်လမ်း၊ ရော်ဘင်၊ ဒန်တီ၊ ဘိုတန်၊ အယ်လ်လာဘာ စသည့်ကစားသမားများကို ပွဲထွက်ကစားသမားများအဖြစ် အသုံးပြုလာခဲ့သည်။

အဆိုပါ ပွဲစဉ်တွင် အိမ်ကွင်း၌ကစားခဲ့ရသည့် ရီးယဲလ်မက်ဒရစ်အသင်းသည် ပွဲကစားချိန် ၁၉ မိနစ်တွင် သွင်းယူပေးခဲ့သည့် တိုက်စစ်မှူး ဘင်ဇီမာ၏ သွင်းဂိုးဖြင့် ဘာနေဗျူး၌ လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းကို ဦးဆောင်ကစားနိုင်ခဲ့သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ချေပဂိုးရရှိရေးအတွက် ဘောလုံးပိုင်ဆိုင်မှုကို ၇၂ ရာခိုင်နှုန်းအထိ ရယူကာ ခြေကုန်ထုတ်ကစားခဲ့သော်လည်း သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ကို အဆုံးသတ်စေခဲ့သည်။

ထိုသို့ ရီးယဲလ်မက်ဒရစ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာက ရီးယဲလ်မက်ဒရစ်အသင်းထက်ကောင်းမွန်သော အသင်းမရှိကြောင်း ဝန်ခံပြောကြားခဲ့သည့်အပြင် ရီးယဲလ်မက်ဒရစ်အား ရှုံးနိမ့်ခဲ့သော်လည်း ဘိုင်ယန်မြူးနစ်ကစားသမားများအတွက် ဂုဏ်ယူပါကြောင်းလည်း ဘိုင်ယန်နည်းပြ ဂွါဒီယိုလာက ပြောကြားခဲ့သည်။ ဒုတိယအကျော့တွင် ခက်ခက်ခဲခဲကစားရဖွယ်ရှိကြောင်း၊ သို့သော် အဝေးကွင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းအား ရှုံးနိမ့်ခဲ့သော်လည်း အိမ်ကွင်းယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့တွင်မူ အနိုင်ကစားရန်ရည်ရွယ်ထားကြောင်းလည်း ဂွါဒီယိုလာက ပြောကြားခဲ့သည်။

လက်ရှိချန်ပီယံဘိုင်ယန်မြူးနစ်အသင်းသည် ယခုပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းအား အနိုင်ကစားကာ ၎င်းတို့၏ သုံးကြိမ်ဆက်တိုက် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းရန် ရည်ရွယ်ထားခဲ့သော်လည်း ပထမအကျော့တွင် ရှုံးနိမ့်ထားခြင်းကြောင့် အဆိုပါမျှော်လင့်ချက်မှာ ပျက်ပြယ်ရဖွယ်ရှိနေသည်။

သို့ရာတွင် ချန်ပီယံလိဂ်စွမ်းဆောင်ရည်ကောင်းမွန်သည့် ရီးယဲလ်မက်ဒရစ်အသင်းမှာမူ ချန်ပီယံလိဂ်ဖလားကို (၉)ကြိမ်အထိ ဆွတ်ခူးထားပြီး ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးကစားသမားများ၏ ကောင်းမွန်သောခြေစွမ်းများနှင့်အတူ (၁၀)ကြိမ်မြောက် ချန်ပီယံလိဂ်ချန်ပီယံဘွဲ့ထူးကို ခံယူရန် ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ပစ်မှတ်ထားလျက်ရှိပြီး လက်ရှိတွင်လည်း ပထမအကျော့တွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားခြင်းကြောင့် ၎င်းတို့မျှော်လင့်ထားသည့် (၁၀)ကြိမ်မြောက် ချန်ပီယံဖြစ်လာရေး အိပ်မက်သည်လည်း အကောင်အထည်ပေါ်ရန် နီးစပ်မှုရှိနေပြီလည်းဖြစ်သည်။

ရီးယဲလ်နှင့် ဘိုင်ယန် ဆက်စပ်သတင်းတို

ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပထမအကျော့တွင် ဘိုင်ယန်အား အနိုင်ရရှိပြီးနောက် ရီးယဲလ် ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်မည်ဟု ယုံကြည်ကြောင်း ရီးယဲတိုက်စစ်မှူးဘင်ဇီမာက ဆိုသည်။

ရီးယဲလ်အနေဖြင့် ဘိုင်ယန်ကွင်း၌ ကစားရမည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့တွင် ၎င်းတို့၏ ပထမအကျော့အနိုင်ရမှုကို ဆက်ထိန်းနိုင်ရန်နှင့် ယင်းပွဲတွင် နောက်တန်းအားပြုကစားခြင်းကို ရှောင်ရှားရန် အသင်းအား ရီးယဲလ်နောက်ခံလူရာမို့စ်က တောင်းဆိုထားကြောင်း သိရသည်။

ရေနွေးငွေ့စက်ခေါင်းဖြင့် လူစီးတွဲ/ဘရိတ်တွဲတို့ဖွဲ့ဆင်လျက် ပုဂံ-ကျောက်ပန်းတောင်းခရီးစဉ်တွင် ကမ္ဘာလှည့်ခရီးသည်များအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း
(Expression of Interest)

၁။ မြန်မာ့မီးရထားသည် ပြုပြင်ပြီးဖြစ်သော ရေနွေးငွေ့စက်ခေါင်းဖြင့် လူစီးအထက်တန်းတွဲ/ ဘရိတ်တွဲတို့ဖြင့် ဖွဲ့ဆင်လျက် ပုဂံ-ကျောက်ပန်းတောင်း-ပုဂံခရီးစဉ်တွင် ကမ္ဘာလှည့်ခရီးသည်များအတွက် အထူးရထားခရီးစဉ်ကို စင်းလုံးငှားစနစ်ဖြင့် ဆောင်ရွက်ရန် စိတ်ဝင်စားသူပြည်တွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ စိတ်ဝင်စားသူ ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများသည် စိတ်ဝင်စားမှု ဖော်ပြခြင်း လျှောက်လွှာ (Expression of Interest) တွင် ဆောင်ရွက်လိုသည့် လုပ်ငန်းစဉ်အား အဆိုပြုဖော်ပြလျက် အောက်ပါအထောက်အထား၊ အချက်အလက်များနှင့်အတူ မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီးသို့ (၇-၅-၂၀၁၄)ရက် (၁၆း၀၀) နာရီ နောက်ဆုံးထား၍ပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပုဂ္ဂလိကလုပ်ငန်းရှင်အမည်နှင့် အဖွဲ့အစည်းအမည် (မြန်မာနိုင်ငံသားပိုင်ဖြစ်ရမည်။)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(မိတ္တူပူးတွဲ)နှင့် ဆက်သွယ်ရန်လိပ်စာ
(ဂ) ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ (မိတ္တူပူးတွဲ)
(ဃ) လုပ်ငန်းလိုင်စင် (မိတ္တူပူးတွဲ)
(င) လုပ်ငန်းတည်နေရာ (လိပ်စာအပြည့်အစုံ)
(စ) ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆောင်ရွက်ခဲ့ဖူးသည့် လုပ်ငန်းဆိုင်ရာအတွေ့အကြုံအသေးစိတ်
(ဆ) ဘဏ္ဍာရေးခိုင်မာမှုနှင့် ပိုင်ဆိုင်မှုအထောက်အထား (မိတ္တူပူးတွဲ)
(ဇ) ရထားမောင်းနှင်ရေးအတွက် အဓိကကျသော Furnace Oil (FO) နှင့် Hard Grease ကို မြန်မာ့မီးရထားသို့ ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအစဉ်
(ဈ) ရေနွေးငွေ့စက်ခေါင်းနှင့် တွဲများအား ပုဂံဘူတာ၌ ထိန်းသိမ်းထားရှိမည့်အစီအစဉ်နှင့် ကြံ့ခိုင်ရေးဆောင်ရွက်မည့်အစီအစဉ်
(ည) ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော ပြည်တွင်း/ပြည်ပနေရာများသို့ ဆက်သွယ်ရေးနည်းပညာအသုံးပြု၍ Marketing ပြုလုပ်မည့်အစီအစဉ်
(ဋ) ဆောင်ရွက်မည့် လုပ်ငန်းအစီအမံ (Conceptual Plan)

၃။ အသေးစိတ်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၀၆၇-၇၇၀၈၁၊ ၀၆၇-၇၇၁၁၈



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ပင်မတိုးချဲ့ဆောင် တည်ဆောက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် အောက်ပါတက္ကသိုလ်များတွင် ပင်မတိုးချဲ့ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) ပြည်ထောင်စုဝန်ကြီးရုံး	တိုးချဲ့ဆောက်လုပ်ခြင်း(လက်ဝဲဘက်ခြမ်း ၆၉' ၈"×၆၉' ၈"နှစ် ထပ်နှင့် လက်ယာဘက်ခြမ်း ၆၉' ၈"×၆၉' ၈" သုံးထပ်)(R.C Building)
(ခ) နည်းပညာတက္ကသိုလ် (မော်လမြိုင်)	ပင်မသုံးထပ်စာသင်ဆောင်မှ (၅၁၂'×၄၈') (၈၅၁၃၂) စတုရန်းပေတိုးချဲ့စာသင်ဆောင် (R.C Building) တည်ဆောက်ခြင်းလုပ်ငန်း (Basement အပါအဝင်)
(ဂ) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်	ပင်မစာသင်ဆောင်တိုးချဲ့ခြင်း (R.C Building) Ground Floor 151' 6"×60' First Floor 151' 6"×60' Secound Floor 256' 6"×60' First Floor Cantilever 105'×60' Third Floor 101' 6"×60' Head Roofing Area (arch for 2 Volume) 150'×60'

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၂၃-၄-၂၀၁၄) ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး (၂၃-၅-၂၀၁၄) ရက် (၁၆း၃၀)နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်းနံပါတ်-၀၆၇ ၄၀၄၀၈၁ နှင့် ၀၆၇-၄၀၄၀၀၇ တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

စမ်းချောင်းမြို့နယ်တွင် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

ရန်ကုန် မေ ၂၄

ရန်ကုန်မူးယစ်တပ်ဖွဲ့စု(၄၀)မှ တပ်ဖွဲ့ဝင်များသည် မေ ၂၂ရက် ညနေပိုင်းတွင် မူးယစ်ဆေးဝါးသတင်းအရ စမ်းချောင်းမြို့နယ် ဗဟိုလမ်းနှင့် မြသီတာလမ်းထောင့်ရှိ ဒိန်ချဉ်ဆိုင်ရှေ့၌ သတင်းအရ စောင့်ဆိုင်းနေစဉ် စမ်းချောင်းမြို့နယ် စမ်းချောင်းမြောက်ရပ်ကွက်နေသူများဖြစ်သည့် မသင်းသင်း(ခ)သင်းသက်လယ် (၂၄)နှစ်နှင့် မမေ ဇွန်ဦး(၂၅)နှစ်တို့အား တွေ့ရှိရသဖြင့် ထိန်းသိမ်းပြီး ၎င်းတို့၏ နေအိမ်သို့ မူးယစ်ဆေးဝါးရှာဖွေခွင့်ဝရမ်းဖြင့် သက်သေများနှင့်အတူ ဝင်ရောက်ရှာ ဖွေစစ်ဆေးခဲ့သည်။

ထိုသို့ ရှာဖွေရာတွင် မသင်းသင်း(ခ) သင်းသက်လယ် ကိုင်ဆောင်ထားသော ပိုက်ဆံအိတ်အတွင်းမှ ပလတ်စတစ်အကြည် ကပ်ခွာအိတ်ငယ်အတွင်း ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ရှစ်ပြားနှင့် R စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား နှစ်ပြား၊ ၎င်းတို့နှစ်ဦးအိပ်သည့် အခန်းအတွင်းရှိ လက်ကိုင်ဖုန်းဘူးခွံအဖြူရောင်အတွင်းမှ ခဲပြားပိုင်းဖြင့် ပတ်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား နှစ်ပြား စုစုပေါင်း WY ဆေးပြား ၁၂ ပြား စုစုပေါင်းအလေးချိန် ၁ ဒသမ ၂ ဂရမ်နှင့် စိတ်ကြွဆေးသုံးစွဲရာတွင် အသုံးပြုသည့် ဂတ်စ်မီးခြစ်နှစ်လုံး၊ ခဲပြားပိုင်းနှစ်ခု၊ အအေးစုပ်ပိုက်တပ်ထားသော ပလတ်စတစ်ဘူးငယ်တစ်ဘူးတို့အား ရှာဖွေတွေ့ရှိ သိမ်းဆည်း ရမိခဲ့သည်။

ယခုကဲ့သို့ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိသဖြင့် မသင်းသင်း(ခ) သင်းသက်လယ်နှင့် မမေဇွန်ဦးတို့ နှစ်ဦးကို စမ်းချောင်းမြို့မရဲစခန်းက မယ(ပ)၄/၂၀၁၄၊ မူး/စိတ်ပုဒ်မ-၁၅/၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သန့်ဇင်ဝင်း)

တရားမဝင် ကျွဲ၊ နွားများ သယ်ဆောင်လာသော စက်လှေတစ်စင်း ဖမ်းဆီးရမိ

ရန်ကုန် မေ ၂၄

ကျွဲ၊ နွားများ သယ်ဆောင်လာသော စက်လှေတစ်စင်းအား မေ ၂၃ ရက် နံနက်ပိုင်းက ပင်လယ်ပြင်ရေပိုင်နက်အတွင်း စစ်ဆင်ရေးတာဝန်ဆောင်ရွက်လျက်ရှိသော ကမ်းခြေစောင့်တိုက်ရေယာဉ်က ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက် နံနက် ၃ နာရီခွဲက ဧရာဝတီရေတပ်စခန်း ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ ကမ်းခြေစောင့်တိုက်ရေယာဉ် ၁၆၄ သည် မြန်မာ့ပင်လယ်ပြင် ရေပိုင်နက်အတွင်း စစ်ဆင်ရေးတာဝန်ဆောင်ရွက်စဉ် မသင်္ကာဖွယ် စက်လှေတစ်စင်း ဖြတ်သန်းမောင်းနှင်သွားသည်ကို တွေ့ရှိသဖြင့် စစ်ဆေးရန်ခေါ်ယူခဲ့သော်လည်း မောင်းနှင်ထွက်ပြေးသွားသောကြောင့် လိုက်လံဖမ်းဆီးခဲ့ရာ ရန်ကုန်မြို့၏တောင်ဘက် မိုင် ၄၀ ခန့်အကွာတွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖမ်းဆီးရမိစက်လှေအား စစ်ဆေးရာ "ကျော်ဇောလင်း ၉၀၀" အမည်ရှိ သစ်သားကိုယ်ထည် စက်လှေဖြစ်ပြီး ယင်းစက်လှေပေါ်တွင် ကော့မှူးမြို့နယ် ညောင်ပင်သာကျေးရွာနေ သိန်းဦး(၄၂)နှစ်ပါ ခုနစ်ဦးတို့မှ ကျွဲအရှင် ၁၇ ကောင်၊ အသေ သုံးကောင်၊ နွားအရှင် ၃၈ ကောင်၊ အသေနှစ်ကောင်တို့အား တရားမဝင် သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယင်းကဲ့သို့ ကျွဲ၊ နွားများအား တရားမဝင် သယ်ဆောင်လာသူ သိန်းဦးပါ ခုနစ်ဦးတို့အား ဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၀၄၀)

အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသောအခြေအနေအထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့်ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကိုဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

အာရှနဂါး
မျှော်စင်/ငှားရမ်း/ရှုဆောက်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

ရောင်းမည်
စီးပွားရေးလုပ်ရန်နေရာကောင်း၊ တောင်ဥက္ကလာ၊ သံသုမာလမ်းမပေါ်၊ ပေ(၂၀×၆၀)၊ မြေ၊ မီးပါ။ (ညှိနှိုင်းဈေး)
ဖုန်း-၀၉-၂၅၀၂၇၉၃၂၆၊၀၁-၅၀၅၈၃၂

09318153590 09318153595
FREE

မူကြို(Pre-School)ဖွင့်ရန်
ပစ္စည်းအစုံ
ရောင်းရန်ရှိသည်။
ဖုန်း-၀၉-၄၂၁၀၀၃၇၅၄၊
၀၉-၅၀၆၃၂၉၉

UNIQUE STAR TRAVELS & TOURS
Thailand
Dream World, Safari World, Koh Lam Island, Emerald Buddha, Byoke Sky Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya
May 10, 31 / Jun 14, 28 / Jul 12, 26 (250,000)

UNIQUE STAR TRAVELS
No. 70/A, Kabaaye Pagoda Rd, Kominkochin Ward, Bahan Tsp
Ph: 860 4964-65-66, 708 353, 705 723, 09 7310 9133-44-55-66

ဝန်ထမ်းအလိုရှိသည်
- ဆံပင် ညှပ်၊ ကောက်၊ ဖြောင့် ကျွမ်းကျင် (၃)ဦး
- ခြေသည်း၊ လက်သည်း ဘာသာစုံ ကျွမ်းကျင် (၃)ဦး
ကျွမ်းကျင်မှုအပေါ် မူတည်၍ လစာကောင်းကောင်း ပေးမည်။ ဖုန်း-၀၉-၂၅၀၀၆၄၅၇၁

PUN HLAING HOSPITAL
ပန်းလှိုင်ဆေးရုံနှလုံးဌာန အထူးအစီအစဉ်
(၉)နှစ်ကျော်အတွေ့အကြုံရှိပန်းလှိုင်ဆေးရုံ၏နှလုံးအထူးကုဌာနတွင် နှလုံးသွေးကြောပုံရိပ်ဖော်ခြင်းပေါင်း (၃၉၂)ခုနှင့် နှလုံးသွေးကြောထောက်ကိရိယာထည့်သွင်းကုသမှုပေါင်း (၁၈၂)ခုစသည့် နှလုံးသွေးကြောရောဂါ ရှာဖွေကုသခြင်းပေါင်း(၅၇၄)ခုတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သောနိုင်ငံတကာအတွေ့အကြုံရှိစင်ကာပူနိုင်ငံမှဆရာဝန်ကြီးများနှင့်မြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများပူးပေါင်း၍နောက်ဆုံးပေါ်ခေတ်မီစက်သစ်ကြီးများဖြင့် မေလ(၁)ရက်နေ့မှ (၃)ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၃၁ ၀၄၂ ၆၇၉ / မန္တလေး (၀၂) ၄၃၂၀၄၄၀ Email : enquiry.phih@spa.com.mm

ချင်းတွင်းမြစ်ကူးချဉ်းကပ် တံတားပေါ်၌ ဒိုင်နာယာဉ် တစ်စီး တိမ်းမှောက်၊ လူသုံးဦးသေ ၁၁ ဦး ဒဏ်ရာရ

ယင်းမာပင်၊ မေ ၂၄

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် မုံရွာ-ယာကြီး-ကလေးဝ အဝေးပြေး ကားလမ်းမကြီးပေါ်ရှိ ချင်းတွင်းမြစ်ကူးတံတား၏ အနောက်ဘက်တံတား ချဉ်းကပ်တံတားပေါ်တွင် မေ ၂၂ ရက် ညနေ ၅ နာရီခွဲက ဒိုင်နာယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ ခရီးသည်သုံးဦး သေဆုံးခဲ့ပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမှတ်(၁၄)ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မုံရွာဒုတပ်ဖွဲ့ခွဲရုံးမှ သိရသည်။

"တိမ်းမှောက် ဒိုင်နာယာဉ်က လက်ဝဲဘက်မှာရှိတဲ့ ချဉ်းကပ်တံတားပေါင်ကို ဝင်တိုက်မိပြီး ယာဉ်ပေါ်ပါခရီးသည်တွေက တံတားအောက်ဘက်ကို ပြုတ်ကျသေဆုံးခဲ့ရတာဖြစ်ပါတယ်" ဟု ယာဉ်တိမ်းမှောက်ရာ အရပ်သို့ရောက်ရှိပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ပေးနေသူ ယာဉ်ထိန်းရဲအရာရှိ ဒုရဲအုပ်ကျော်သူက ပြောသည်။

အဆိုပါ တိမ်းမှောက် ဒိုင်နာယာဉ် အမျိုးအစား ယာဉ်အမှတ် လ/ ------ ယာဉ်သည်မုံရွာမြို့မှ ကုန်စည်နှင့် ခရီးသည်များကို ရောနှောတင်ဆောင်ခဲ့ပြီး ပုလဲမြို့နယ် ကြိုပင်ကျေးရွာသို့ ယာဉ်မောင်း ကိုမြင့်ကို အသက်(၃၅) နှစ်မှ အရက်သေစာသောက်စား မူးယစ်ပြီး မောင်းနှင်လာခဲ့ရာ လက်ဝဲဘက်ယာဉ်ကြောရှိ မြစ်ကူးတံတား၏ ချဉ်းကပ်တံတားပေါင် လက်ရန်းအား ယာဉ်၏ရှေ့ပိုင်းဖြင့် ဝင်ရောက်တိုက်မိ၍ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ယာဉ်တိမ်းမှောက်စဉ် ယာဉ်ပေါ်ပါခရီးသည်များအနက်မှ ဦးဇော်လင်း အသက်(၄၅)နှစ်၊ ကိုဆန်းနိုင် အသက်(၃၅)နှစ်နှင့် ဦးလင်း အသက်(၅၀)နှစ် သုံးဦးတို့သည် ချဉ်းကပ်တံတား၏ အောက်ဘက် ပေ ၄၀ ခန့်နေရာသို့ ယာဉ်ပေါ်မှ ပြုတ်ကျခဲ့ရာ ထိုနေရာ၌ သေဆုံးသွားခဲ့ကြသည်။ ထို့ပြင်က ကျန်ခရီးသည် ၁၁ ဦး မှာ ပြင်းထန်စွာ ဒဏ်ရာများရရှိသဖြင့် မုံရွာမြို့ပေါ်ရှိ လူမှုကူညီရေး အသင်းပိုင် လူနာတင်ယာဉ်များမှ မုံရွာပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

"ဒဏ်ရာရတဲ့ သူတွေထဲက အသက်အန္တရာယ် စိုးရိမ်ရတဲ့သူတွေ ကျန်ရှိနေပါသေးတယ်။ ဆရာဝန်တွေလည်း အသက်လုပြီး ကုသပေးနေကြပါတယ်" ဟု ဆေးရုံရှိ မှုခင်းဆေးစာဌာနတာဝန်ခံ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

အဆိုပါ ချင်းတွင်းမြစ်ကူးတံတားကြီးသည် ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၂၈ ရက်တွင် တံတားတည်ဆောက်ရေး စီမံကိန်းချမှတ်၍ တည်ဆောက်ခဲ့ရာ ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ တွင် တည်ဆောက်ပြီးစီးခဲ့သည်။

၂၀၀၃ ခုနှစ်၊ မေ ၇ ရက်တွင် တံတားကြီးအား ဖွင့်လှစ်ပေးခဲ့သည်။ ယင်းတံတားကြီးသည် အလျားပေ အရှည် ၄၇၃၀ ဒသမ ၂ ပေ ခန့် ရှည်လျားသည်။ ယာဉ်သွားလမ်း အကျယ် ၂၈ ပေနှင့် တံတားအောက် ရေလမ်းကင်းလွတ်အမြင့်မှာ ပေ ၄၀ ရှိကြောင်း သိရသည်။ **ကိုတိုးကြီး**

ချင်းတွင်းမြစ်ကူးချဉ်းကပ်တံတားပေါ်တွင် တိမ်းမှောက်သွားသည့် ဒိုင်နာယာဉ်ကိုတွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီး အစိုးရ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၀၀ ကျော်ဖြင့် တည်ဆောက်သည့် ဒီဂျစ်တယ်မီးပွိုင့်လေးခုဖွင့်လှစ်

မိတ္ထီလာ၊ မေ ၂၄

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၂၀၀ ဖြင့် ဒေသခံပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းစေရေး တည်ဆောက်ပြီးစီးသွားသည့် ဒစ်ဂျစ်တယ်မီးပွိုင့်လေးခု ဖွင့်ပွဲကို မေ ၂၃ရက် နံနက် ၇ နာရီခွဲက မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမ (နန်းတော်ကုန်းလမ်းဆုံ) တွင် ကျင်းပခဲ့သည်။

မိတ္ထီလာတွင် တပ်ဆင်သည့် ဒစ်ဂျစ်တယ်မီးပွိုင့်လေးခုမှာ ယာဉ်ကြောရှုပ်ထွေးစည်ကားရာလမ်းဆုံများဖြစ်သည့် ပေါက်ချောင်းရပ်ကွက် ပညာရေးကောလိပ်လမ်းဆုံ၊ ရတနာမာရ်အောင်ရပ်ကွက် မီးသတ်ရေစင်လမ်းဆုံ၊ သီရိမင်္ဂလာရပ်ကွက် အဝေးပြေးခရီးသည်ယာဉ်ကားဝန်းထိပ်လမ်းဆုံ နှင့် ဖွင့်ပွဲပြုလုပ်သည့် မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမအနီး နန်းတော်ကုန်းလမ်းဆုံတို့တွင် တပ်ဆင်ခြင်းဖြစ်သည်။

ဒီဂျစ်တယ်မီးပွိုင့်များ တပ်ဆင်သည့်နေရာလေးခုတွင် ယာဉ်ထိန်းရုံလေးခု တည်ဆောက်ထားရှိပြီး ယာဉ်ထိန်းရုံ သုံးရုံအတွက် ဒေသခံပြည်သူများ၏ လှူဒါန်းငွေ ၁၂ သိန်းဖြင့်တည်ဆောက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဒစ်ဂျစ်တယ်မီးပွိုင့်လေးခုနှင့် ယာဉ်ထိန်းရုံလေးရုံ စုစုပေါင်းကုန်ကျငွေမှာ ၂၁၂ သိန်းဖြစ်သည်။

မိတ္ထီလာ၊ မလှိုင်မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်က ဖွင့်လှစ်ပေးကြောင်းသိရသည်။ ၎င်းနောက် ဒစ်ဂျစ်တယ်မီးပွိုင့်များ တည်ဆောက်တပ်ဆင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများကို အမှတ် (၅၉) ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးကျော်ကျော်ထွန်းထံသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်မှ လွှဲပြောင်းပေးအပ်သည်။

အဆိုပါဒစ်ဂျစ်တယ်မီးပွိုင့်လေးခု ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့်အတူ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှစ်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပညာရေးကောလိပ်ကျောင်းသား၊ ကျောင်းသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများတက်ရောက်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

နံ့ရုံကပ်စာပေရေချမ်းစင်စာအုပ်သစ်များဖြည့်ဆည်း

ဆိပ်ကမ်း၊ မေ ၂၄

ပြည်သူများ အလွယ်တကူဖတ်ရှုနိုင်စေရန် နံ့ရုံကပ်စာပေရေချမ်းစင် အိတ်များကို နေရာအနှံ့ ထားရှိဆောင်ရွက်ပေးလျက်ရှိရာ ဆိပ်ကမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ စာအုပ်သစ်များကို မေ ၂၁ ရက်တွင် ပြည်တွင်းရေကြောင်းလက်မှတ်ရုံ၊ ဗိုလ်တထောင်ဘောတံတား အမှတ်(၅)နှင့် ပြည်တွင်းရေကြောင်း သဘော်ခြောက်စင်းတို့တွင် စာအုပ်သစ်များ ဖြည့်တင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ရွှေနန်းဖြူ**

ဝက်လက်၌ သတ္တမအကြိမ်မြောက် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း ဆုပေးပွဲကျင်းပ

ဝက်လက်၊ မေ ၂၄

ဝက်လက်မြို့နယ်အတွင်း ကလေးငယ်များကို ကိုယ်၊ နှုတ်၊ စိတ် လိမ္မာယဉ်ကျေးရန် ဗုဒ္ဓ၏ တရားတော်များ သိရှိနားလည်စေရန်နှင့် အသိပညာ ဗဟုသုတ တိုးပွားလာစေရန် ရည်ရွယ်လျက် သတ္တမအကြိမ်မြောက် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းကို ဝက်လက်မြို့နယ် ပင်းဇင်းကျေးရွာတွင် မတ် ၃ ရက်ကစ၍ ဖွင့်လှစ်ခဲ့ရာ သင်တန်းဆင်းဆုပေးပွဲကို မေ ၁၈ ရက်တွင် ကျင်းပသည်။

သင်တန်းဆင်းဆုပေးပွဲတွင် ပင်းဇင်းရွာ လောကမာရဇိန်ကျောင်း ဆရာတော်ဦးနန္ဒာဘာသနှင့် စစ်ကိုင်းမြို့ ရတနာဂီရိကျောင်း ဆရာတော်တို့က ဩဝါဒစကားမြွက်ကြားပြီး သင်တန်းတာဝန်ခံ ဆရာတော် ဦးဥတ္တမစာရက နှုတ်ဆက်စကားမိန့်ကြားသည်။ ထို့နောက် သင်တန်းတွင်ဆုရရှိသူများအား ဆုချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ မူးကြီးနှင့် ပင်းဇင်းကျေးရွာမှ ကလေးငယ် ၂၄၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၄၅ ရက်ကြာမြင့်ခဲ့ကြောင်းသိရသည်။ **နန်းမြင့်(ပြန်/ဆက်)**

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
ဘွဲ့နှင်းသဘင် ကြေညာချက်

(ထင်ရှားသည်)
ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်

ဖောင်းကြွပျောက်လေ့လျှောက်ထားခြင်း
ကညန - ရန်ကုန်အနောက်ပိုင်း

ရခိုင်ပြည်နယ်ဘုရားဖူး
(120000/-)
(500000/-)Ph:09 448003431

အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးအဖွဲ့
(Open Tender)

စစ်ကိုင်းကောင်းမှုတော်ဘုရားကြီးရှိ သမိုင်းဝင်မေတ္တာကန်ကြီးမှ သက်တမ်းရင့် ငါးကြီးများ သေဆုံးမှုဖြစ်ပွား

စစ်ကိုင်း၊ မေ ၂၄

ပြည်တွင်းပြည်ပ ဘုရားဖူးသူများနှင့် နေ့စဉ်စည်ကားလျက်ရှိသည့် စစ်ကိုင်းမြို့၊ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်ကြီး၏ ပရိဝုဏ်အတွင်းရှိ သမိုင်းဝင်မေတ္တာကန်တော်ကြီးအတွင်း၌ မွေးမြူထားရှိသည့် ငါးကြီးအချို့မှာ သင်္ကြန်ပွဲတော်ကာလအပြီး မေ ၁၈ ရက်နေ့က သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရက်ပိုင်းအတွင်းက စစ်ကိုင်းမြို့၏ နေ့အပူချိန်များမှာ ၄၂ ဒီဂရီစင်တီဂရိတ် ဝန်းကျင်ရှိခဲ့ပြီး မေတ္တာကန်အတွင်းရှိ သက်တမ်းရင့်ငါးကြီးများမှာ အပူချိန်မြင့်မားခြင်းနှင့် ကန်ရေအတွင်း၌ အောက်ဆီဂျင် ပြတ်တောက်ခြင်းတို့ကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် သင်္ကြန်ကာလနှင့် နှစ်ဆန်းတစ်ရက်နေ့တို့တွင် ဘုရားဖူးများ များပြား စည်ကားစွာ လာရောက်ခဲ့ရာ ငါးများအား ကျွေးမွေးခဲ့ကြသည့် အစားအစာများမှ အဆိပ်သင့်ကာ သေဆုံးခြင်းလည်းဖြစ်နိုင်ကြောင်း သုံးသပ်ပြောဆိုကြသည်။ သေဆုံးသော ငါးကြီးများမှာ ပိဿာချိန် သုံးပိဿာခွဲမှ ငါးပိဿာခန့်အထိရှိသော သက်တမ်းရင့် ငါးကြီးများဖြစ်ပြီး၊ သေဆုံးသည့် အကောင်ရေ ၁၅ ကောင် ဝန်းကျင်ခန့်ရှိသည်။

ယခုအခါ သမိုင်းဝင်ရှေးဟောင်း မေတ္တာကန်ကြီးအတွင်းရှိ ကန်ရေများ သန့်ရှင်းကြည်လင်ရေး၊ ကန်အတွင်းမှ ငါးလိပ်စသည့်ရေသတ္တဝါများ သေကျေပျက်စီးမှု မရှိစေရေးအတွက် ရေပန်းများတပ်ဆင်သွားရန် စီစဉ်နေကြောင်း၊ သမိုင်းဝင် ရှေးဟောင်းကန်တော်ကြီးဖြစ်၍ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူကာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **နန္ဒာမင်းလွင်**

စံပြရပ်ကွက် သမဝါယမငွေကြေးဝန်ဆောင်မှု လုပ်ငန်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ကျောက်ပန်းတောင်း၊ မေ ၂၄

ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့နည်းကျဆင်းရေးအထောက်အကူဖြစ်စေရန်နှင့် မြို့ပေါ်နေလက်လုပ် လက်စားဈေးသည်များ၏ လူမှုဘဝ တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ မြို့နယ်သမဝါယမအသင်းများ၏စီစဉ်ကြီးကြပ်မှုဖြင့် ရပ်ကွက်/ကျေးရွာများတွင် အခြေခံသမဝါယမအသင်းများပြန်လည်ဖွဲ့စည်းပြီး၊ သမဝါယမငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ စံပြရပ်ကွက် သမဝါယမအသင်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို၊ မေ ၂၂ ရက် နံနက် ၉နာရီခွဲက ရပ်ကွက် မဟာဗောဓိဓမ္မာရုံတွင်ကျင်းပခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ် စံပြရပ်ကွက်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းကို ၂၀၁၃ ခုနှစ်၊ ဩဂုတ် ၁၆ ရက် တွင်အသင်းသား၁၇၈ဦးနှင့်စတင်ခဲ့ပြီး၊ ဝိုင်းကြီးချုပ်စနစ်ဖြင့်စုဖွဲ့စေပြီး၊ အသင်းသားတစ်ဦးလျှင်ငွေကျပ် ၆၀၀၀၀ နှုန်း စတင်ထုတ်ချေးခဲ့ရာမှ ၂၀၁၄ ခုနှစ်၊ မတ် ၃၁ ရက် အထိခုနှစ်လခွဲတာကာလအတွင်း အသင်းဝင်အင်အားမှာ ၃၁၀ ဦးအထိတိုးတက်လာခဲ့ပြီး ပံ့ပိုးချေးငွေကိုလည်းတစ်ဦးလျှင် ကျပ်တစ်သိန်းအထိ တိုးတက်ထုတ်ချေးပေးလျက်ရှိရာ ရပ်ကွက်နေ လက်လုပ်လက်စားဈေးသည်များနှင့် မိသားစုတစ်ပိုင်တစ်နိုင်အိမ်တွင်းမှုလုပ်ငန်းလုပ်ကိုင်သူများမှာ အဆင်ပြေလျက်ရှိကြကြောင်းသိရသည်။

ယင်းလုပ်ငန်းနှစ်ပတ်လည်အခမ်းအနားတွင် သဘာပတိအဖြစ် ရပ်ကွက်အသင်းဥက္ကဋ္ဌ ဦးတင်ဝင်းကဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက်မြို့နယ်သမဦးစီးအရာရှိဒေါ်ဇာခြည်အေးက အခြေခံသမဝါယမအသင်းများ၏ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး၊တာဝန်ရှိသူတစ်ဦးက ရပ်ကွက်သမဝါယမအသင်း၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စာရင်းစစ်ဆေးချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီးအတည်ပြုချက်ရယူခဲ့ကြောင်းသိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

မန္တလေးအိမ်ခြံမြေဈေးကွက် ရင်းနှီးမြှုပ်နှံသူများ၏ အတက်ဘက်ဦးတည်လာ

မန္တလေး၊ မေ ၂၄

မန္တလေးအိမ်ခြံမြေ ဈေးကွက်သည် သင်္ကြန်မတိုင်မီအထိ အေးစက်နေခဲ့ရာမှ ငွေရှင်များ မြေကွက်ဝယ်ယူ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်လာသဖြင့် ဈေးကွက်ပြန်လည်နိုးထလာကြောင်းသိရသည်။

မန္တလေး အိမ်ခြံမြေဈေးကွက် အနေအထားအရ တန်ဖိုးကြီး မြို့တွင်းပိုင်း တိုက်ခြံမြေများ အရောင်းအဝယ်အေးပြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာမြို့သစ်၊ ရတနာပုံမြို့သစ်၊ ပြည်ကြီးတံခွန်မြို့နယ် သစ်ပန်းကုန်းမြို့သစ်တို့တွင် ကတ္တရာလမ်းသစ်များနှင့် လမ်းမီးတိုင်များ စိုက်ထူပေးမှုကြောင့် ဖွံ့ဖြိုးမှု မြန်ဆန်လာပြီး ပေ ၃၀ × ပေ ၄၀ မြေကွက်ကျပ်သိန်း ၄၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်သွက်လျက်ရှိသည်။ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာ မြို့သစ်၊ အောင်မြေသာယာမြို့သစ်များတွင်လည်း ပေ ၄၀ × ပေ ၆၀ ရှိ ရေမီးအစုံ မြေကွက်များလည်း မြို့တွင်းမှ ရောင်းချပြီး ကျပ်သိန်း ၈၀၀ ဝန်းကျင်ဖြင့် ဝယ်ယူနေထိုင်ကြသည်။

မန္တလေးမြို့ဧရိယာတွင်း တိုက်ပါ ရေမီးဖုန်းအစုံ ၃၇ လမ်း မင်္ဂလာဈေးအနီး ငွေကျပ်သိန်း ၁၆၅၀၀ ဖြင့်လည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းကျွဲဆည်ကန် (၁) လမ်းတွင် ပေ ၆၀ × ပေ ၈၀ ရေမီးအစုံတိုက် ကျပ်သိန်း ၂၅၀၀၀ ဖြင့်လည်းကောင်း၊ အောင်မြေသာစံမြို့နယ် နန်းရှေ့ ကျပ်သိန်း ၉၀၀၀ ဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံသူများက ဝယ်ယူခဲ့ကြကြောင်း သိရသည်။ သင်္ကြန်ပြီး မန္တလေး ဝန်းကျင် မြေကွက်များဝယ်ယူ ရန်စုံစမ်းလေ့လာမှုများပိုမို ပြုလုပ်လာကြသည်။ **သီဟကိုကို(မန္တလေး)**

မန္တလေးမြို့ရှိ အိမ်ခြံမြေရင်းနှီးမြှုပ်နှံသူများစိတ်ဝင်စားသည့် ရပ်ကွက်တစ်ခု။



သုခချမ်းသာကျန်းမာရေးစောင့်ရှောက်မှု လူမှုအထောက်အကူပြုသင်တန်းမှ အခမဲ့ကုသပေးခဲ့

နွားထိုးကြီး၊ မေ ၂၄

နွားထိုးကြီး သုခချမ်းသာ ကျန်းမာရေးစောင့်ရှောက်မှု လူမှုအထောက်အကူပြုသင်တန်းမှ ၂၀၁၄ ခုနှစ် မတ်လအတွင်း လူနာ ၆၀၈ ဦးအား မျက်စိလူနာအပါအဝင် အထွေထွေရောဂါ ဆေးခန်းဝန်ဆောင်မှု အခမဲ့ကုသပေးနိုင်ခဲ့ကြောင်း သုခချမ်းသာမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အရေးပေါ်လူနာ သုံးဦးကို မန္တလေးဆေးရုံသို့ အခမဲ့ပေးပို့ကူညီနိုင်ပြီး လာရောက်ကုသသောလူနာများအား အလှူရှင်လေးဦးက အာဟာရဒါန ကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။

အလှူရှင်တစ်ဦး ငွေကျပ် ၅၀၀၊ ၁၀၀၀၊ ၂၀၀၀ လစဉ်ထောက်ပံ့လှူဒါန်းငွေမှာလည်း ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ငွေကျပ် ၇၄၄၅၀၀ ကျပ် ရရှိခဲ့ကြောင်း သုခချမ်းသာမှ သိရသည်။ ယခုထိ သုခချမ်းသာတွင် အလှူငွေကျပ် ၉၃၂၆၂၂၆ ရရှိကြောင်း အခမဲ့လူနာကုသရေးကို ကူညီဆောင်ရွက်နေကြောင်း သိရသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

အမရပူရရှိ သက်တမ်းနှစ် ၁၆၀ ကျော် ဦးပိန်တံတား ပြုပြင်ထိန်းသိမ်း

မန္တလေး၊ မေ ၂၄

မန္တလေးခရိုင် အမရပူရမြို့နယ် တောင်သမန်ဒေသရှိ ဦးပိန်တံတား တိုင်အချို့နှင့် ကြမ်းခင်းတို့မှာ သက်တမ်းနှစ် ၁၆၀ ကျော်ရှိလာသဖြင့် ယိုယွင်းပျက်စီးမှုများရှိလာရာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပထမအဆင့်အနေဖြင့် ယိုယွင်းနေသော တံတား အခန်းပေါင်း ၃၀ အား တိုင်နှင့် ကြမ်းခင်းများ၊ ယက်မများအား သစ်မာသားများဖြင့် အစားထိုး ပြုပြင်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ငွေကျပ်ထောက်ပံ့မှု၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မန္တလေး) ကြီးကြပ်မှုဖြင့် ဦးပိန်တံတားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ကမ္ဘာ့လှည့်ခရီးသည်များ စိတ်ဝင်စားသော ဦးပိန်တံတားကို မြန်မာသက္ကရာဇ် ၁၂၁၁ ခုနှစ် ပုဂံမင်းလက်ထက်တွင် အမရပူရမြို့ စာရေးဦးပိန်က အင်းဝနန်းတော်ဟောင်းမှ ကျွန်းတိုင်လုံးများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တိုင်ပေါင်း ၁၀၈၆ တိုင်၊ အခန်းပေါင်း ၄၈၂ ခန်း၊ တံတားအရှည် ၃၉၆၇ ပေ ရှည်ကြောင်း သိရသည်။

တံတားကြီး ရေရှည်တည်တံ့ရေးအတွက် တံတားပေါ် စက်ဘီးဆိုင်ကယ်စီးခြင်း မပြုရန်လည်း ရှေးဟောင်းသုတေသန၊ အမျိုးသား ပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက အသိပေးထားသည်။

သီဟကိုကို(မန္တလေး)

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ဒန့်သလွန်ပင်ကျေးရွာအနီး၊ ကျောက်ပန်းတောင်း–နတ်မောက်ကားလမ်းဘေးရှိ ရေချမ်းစင်လေးမှာ အညာဒေသ၏ပြယုဂ်ကို ထင်ဟပ်စေသည့် ထန်းပင်ထန်းတောလေး၏အောက်မှ ခရီးသွားများနားခိုစရာ ထန်းရွက်တဲ၊ ထိုင်စရာ ထန်းသားတုံးထိုင်ခုံနှင့် နားခိုရင်း အမောပြေသောက်စရာ ထန်းသားတုံး ရေချမ်းစင်လေးကို တွေ့မြင်ရသည်မှာ ရိုးသားဖြူစင်သည့် အညာသူ အညာသားတို့၏ စေတနာသဒ္ဓါ တရားတို့ကို ပေါ်လွင်စေသည့်အပြင် မြင်ရသူတိုင်း ဘဝင်ချမ်းမြေ့၍ ကြည်နူးစေသော အညာ၏နွေအလှပင် ဖြစ်ပါသည်။

သတင်းနှင့် ဓာတ်ပုံ - ကိုနေ(ကျောက်ပန်းတောင်း)

အသက်ရှစ်နှစ်အရွယ် ဆွံ့အနားမကြားသူတစ်ဦးကို လက်ဖက်ရည်ဖျော်ဆရာက အဓမ္မပြုကျင့်မှုဖြစ်ပွား

မန္တလေး၊ မေ ၂၄

လူမှုဝန်ထမ်းဦးစီးဌာန ဆွံ့အနားမကြားကလေးများကျောင်းမှ ဆရာမဒေါ်မြတ်မြတ်စိုး ကျောင်းတာဝန်မှူးဆောင်ရွက်နေစဉ် မေ ၂၀ ရက်ည ၁၁ နာရီက တောင်ရွာသစ်အကွက်မှူး ဦးမြင့်သိန်း ရောက်ရှိလာပြီး ဆွံ့အနားမကြားသည့် အသက်ရှစ်နှစ်ခန့် မိန်းကလေးတစ်ဦးအား ဆင်ဖြူကန်ကွင်း ပလက်ဖောင်းပေါ်တွင်တွေ့ရှိကြောင်း ပြောပြသဖြင့် သွားရောက်ခဲ့ရာ ၎င်းကျောင်းမှ ကျောင်းသူဟောင်းတစ်ဦးဖြစ်ကြောင်း တွေ့ရှိသဖြင့် ကျောင်းသို့ခေါ်ဆောင်၍ ရေချိုးပေးရန် အဝတ်အစားများချွတ်ရာ အင်္ကျီ၌ သွေးများပေနေပြီး ယင်း၏အင်္ဂါမှာလည်း ဖူးရောင်ကာ သွေးများပေကျံနေသည်ကို တွေ့ရှိရသဖြင့် ကျောင်းအုပ်ဆရာမကြီးထံ သတင်းပို့ခဲ့သည်။ ကျောင်းအုပ်ဆရာမကြီးမှ ကျောင်းသား၊ ကျောင်းသူမှတ်တမ်း ကြည့်ရှုရာ အဆိုပါအမျိုးသမီးငယ်မှာ အသက်ရှစ်နှစ်အရွယ် ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်နေသူဖြစ်ကြောင်း သိရသဖြင့် ဖုန်းဆက်အကြောင်းကြားခဲ့သည်။ မိခင်နှင့် ဦးလေးတို့ရောက်ရှိလာပြီး ကျောင်းအုပ်ဆရာမကြီး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ အဆိုပါ အမျိုးသမီးငယ်ကို တွေ့ရှိသည့်နေရာအား သွားရောက်ပြီး ၎င်းအား ဆိုင်ကယ်ဖြင့်ခေါ်ဆောင်၍ အဓမ္မပြုကျင့်ခံရသည့် ၂၇ လမ်းနှင့် ၇၂ လမ်းထောင့် ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်ရှိ သစ်ပင်အောက်နေရာနှင့် ပြုကျင့်သည့် ဆေးရုံကြီးမြောက်ဘက်လိုင်းခန်း၏ ခြံဝန်းအနောက်ဘက်သစ်ပင်အောက် ယာယီမိုးကာတဲနေသူ အောင်ဆန်း ၄၀ နှစ် လက်ဖက်ရည်ဖျော်ဆရာအား လက်သင်္ကေတဖြင့်ပြသခဲ့သဖြင့် အောင်ဆန်းအား ဖမ်းဆီးပြီး အမှတ် ၉၃ နယ်မြေရဲစခန်းက (ပ)၂၂၃/၂၀၁၄ ပြစ်မှုပုဒ်မ ၃၇၆ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ဆရာမိုး Follow Me Ph.D (USA)
တန်းခွဲသစ် လက်ခံပြီ။
Universal Institute of ESL (USA) မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊ လ နှင့်
ENGLISH 4 SKILLS Level (1)
Essay, Letter
May 3
4 SKILLS Level(1,2,3) Dip ESL (USA)
ENGLISH 4 SKILLS DISTANCE LEARNING
CD, DVD LEVEL 1,2,3 Dip ESL(USA)
SPEAKING ၄၊ လ
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
0943125393
01 295798, 398118

EAC

သွေးသည်
အသက်

ကျေးဇူးဆပ်ပါမည်
ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၉၁ ရပ်ကွက်၊ အကွက်အမှတ်-၇၉၅၊ မြေချပါမစ်စလစ်မူရင်းပျောက်ဆုံးသွားပါ၍ တွေ့ရှိသူမှ ပြန်လည်အကြောင်းကြားပေးပါရန်။
ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၇၉၈၅၃

ဘိုဘို (1)
ကားမောင်း၊ စက်ပြင်သင်တန်း
01-706862, 09-73047735, 09-73121177
01-549764, 01-545155
01-573986, 01-573988

ဆောင်းပါး

"အမျိုးသားယဉ်ကျေးမှု ဘယ်လဲ ဘာလဲ"

à cifrmifX;(ynma&;)

မြန်မာတို့သည် ရှေးအတိတေကာလကပင် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားခဲ့ကြသူများဖြစ်သည်။ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းနှင့် ကိုယ့်မြေကိုယ့်ရေပေါ်တွင် တည်တည်တံ့တံ့ခန့်ခန့်ထည်ထည် နေနိုင်ခဲ့ကြသူများဖြစ်သည်။

ရှေးခေတ် ဘုရားပုထိုးကျောင်းကန်စေတီများတွင် မြန်မာ့ဗိသုကာ အနုပညာလက်ရာများကို တွေ့ရ၏။ မြန်မာတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ အခိုင်အခန့်ရှိခဲ့၏။ ရိုးရာအစဉ်အလာပွဲများရှိ၏။ ခေတ်အဆက်ဆက် ထိန်းသိမ်းခဲ့ကြသည်မှာ ယနေ့တိုင် အစဉ်အလာမပျက် ကျင်းပနိုင်ကြပါသေးသည်။ အခိုင်အခန့်တည်ရှိနေသည့် ယဉ်ကျေးမှုအနုပညာလက်ရာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြဖို့ လိုအပ်လာပြီဖြစ်ပါသည်။

ခေတ်စနစ်တို့သည် ပြောင်းလဲနေပါသည်။ ပြောင်းလဲနေသော ခေတ်ရေစီးကြောင်းနှင့်အတူ ကမ္ဘာ့သူကမ္ဘာ့သားတို့ လိုက်ပါပြောင်းလဲနေကြသည်။ အထူးသဖြင့် နည်းပညာဖွံ့ဖြိုးမှုကြောင့် ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲဖြစ်စဉ်တွင် ပါဝင်နေရပါသည်။

ယင်းပြောင်းလဲမှုဖြစ်စဉ်ကြောင့် ရိုက်ခတ်လာသော ဖြစ်စဉ်များသည် လူ့အဖွဲ့အစည်းအတွင်း ထင်ဟပ်လာသည်ကို တွေ့ရသည်။ အတုယူအတုခိုးရာမှ လူနေမှုစတိုင်တစ်ခုသဖွယ် ဖြစ်ပေါ်လာ၏။ မူလက ထဘီတိုတို ခြေသလုံးသားပေါ်လျှင်ပင် ရှုတ်ချကြ၏။ ထို့နောက် ဒူးပေါ်ပေါင်ပေါ် ဝတ်ဆင်လာကြ၏။ ယခုဆိုလျှင် ဘောင်းဘီတိုတိုဝတ်ဆင်သည်ကိုပင် အထူးအဆန်းမဟုတ်တော့။ နေရာတိုင်းတွင် တွေ့မြင်နိုင်ပြီဖြစ်၏။ ယခင်က ခါးသားကလေးများပေါ်လျှင်ပင် အရှက်အကြောက်ကြီးကြ၏။ (ယခုလည်းရှိပါသေးသည်) ယခုဆိုလျှင် ဗိုက်ပေါ်၊ ချက်ပေါ်သည်မှာ အထူးအဆန်းမဟုတ်တော့။ လူမှုဝန်းကျင်အတွင်း ပျံ့နှံ့လာသော ယဉ်ကျေးမှုအဖြစ် အတိုင်းအတာတစ်ရပ်အထိ လက်ခံနေကြရပြီဖြစ်၏။

ပြီးခဲ့သည့် အတာသင်္ကြန်ကာလတွင် ယခင်နှစ်များနှင့်နှိုင်းယှဉ်ကြည့်လျှင် အားရကျေနပ်ဖွယ် အချက်များစွာရှိခဲ့၏။ အထူးသဖြင့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုကို တားမြစ်ခြင်းမှအစ ကန့်သတ်တားမြစ်ချက်များအတိုင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ရာ အကောင်းမြင်ရှုထောင့်မှ ရှုမြင်ခြင်းများစွာ ခံခဲ့ရ၏။

> ခေတ်နှင့်အပြိုင်လိုက်ကာ မဖွယ်မရာမှန်သမျှ လိုက်၍လုပ်ပြနေစရာ မလိုပါ။ မြန်မာမှု မြန်မာ့ဟန်. . .

သို့သော်လည်း ရိုးရာအစဉ်အလာကို ဖီလာပြု၍ ကြံဆတီထွင်မှုများကလည်း မကင်းစင်သေးသည်ကို တွေ့ရ၏။ ရေကစားမဏ္ဍပ်ကြီးများတွင် အက၊ အလှများကို သဘာဝကျကျ တွေ့မြင်ခံစားရ၏။ မပြောပလောက်သည့် မဏ္ဍပ်အချို့တွင်သာ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဆန့်ကျင်လျက် နိုင်ငံရပ်ခြားမှ ခေါ်ယူတင်ဆက်မှုအချို့ကို တွေ့ရသည်။ ဝတ်စားဆင်ယင်မှုတွင် လွန်ကျူးရုံသာမက၊ ကပြဖျော်ဖြေမှုတွင်လည်း ကိလေသာရာဂကို လှုံ့ဆော်နေသည့်အကမျိုး ဖြစ်နေသည်ကို တွေ့ရ၏။ ပြည်တွင်းဖြစ် မြန်မာအမျိုးသမီးများကား ဤမျှအတင့်မရဲလှ။ သို့သော် ယင်းပုံရိပ်များကို မသိသူများက မြန်မာအမျိုးသမီးများ၏ပုံရိပ်သဖွယ် ထင်ယောင်ထင်မှားပြုကြသည်။ မြန်မာ့ယဉ်ကျေးမှုကား "သည်လိုလား" ဆိုသည့် မေးငေါ့စရာများ ဖြစ်ခဲ့ရသည်။

စင်စစ် ဒေသတွင်းနိုင်ငံအများစု၏ နေထိုင်ရာ ရေမြေတောတောင်ဝန်းကျင်၊ ကိုးကွယ်ယုံကြည်မှု၊ ရုပ်သွင်ပြင် အသားအရေတို့မှာ ကွဲပြားခြားနားလှသည်မဟုတ်။ မိမိတို့နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို ကွဲကွဲပြားပြား ခြားခြားနားနားထိန်းသိမ်းနိုင်ဖို့သာ လိုပါသည်။ မိမိထင်ပေါ်ကျော်ကြားလိုမှုအတွက်သော်လည်းကောင်း၊ ရေပန်းစား လူကြိုက်များလိုမှုအတွက်သော်လည်းကောင်း ရိုးရာယဉ်ကျေးမှုကို သရုပ်ပျက်ယဉ်ကျေးမှုဖြင့် အစားထိုးလှစ်ပြရန် မသင့်။ ဤကဲ့သို့ နိုင်ငံရပ်ခြား သရုပ်ပျက်မှုအား နိုင်ငံတွင်းသို့ တရားဝင်သဖွယ် သွတ်သွင်းလာခြင်းဖြင့် နိုင်ငံသူ၊ နိုင်ငံသား (အထူးသဖြင့် မိန်းကလေးအနည်းစု) အတွက် လက်တွေ့ကျကျ အတုယူပုံစံပြသကဲ့သို့ ဖြစ်စေလေ၏။

ယခုနှစ် သင်္ကြန်ကာလတွင် ထင်ရှားသည့် ဥဒါဟရုဏ်ပြရလျှင် ဆိုဂျူဘီယာအရက်များ အလွန်အကျွံသောက်စားလာကြသည်။ စစ်တမ်းတချို့အရ မိန်းကလေးအရေအတွက်များနေခြင်းပင်ဖြစ်၏။ ဤသည်မှာ ကိုရီးယားဇာတ်လမ်းတွဲများတွင် မဆန်းတော့သော မြင်ကွင်းများပင်ဖြစ်သည်။ မိန်းကလေးအချို့ ဤကဲ့သို့သောက်စားမှ ခေတ်မီသည်ဟု ထင်နေကြသည်။ ထို့အတူ အချို့မိန်းကလေး(မော်ဒယ်အချို့)နိုင်ငံခြားသူများထက်ပင် ပိုမိုရဲတင်းစွာ ဝတ်စားဆင်ယင်လာကြသည်ကို တွေ့ရ၏။ ပြစရာနေရာမရှိလျှင် မိမိကိုယ်မိမိ ဓာတ်ပုံရိုက်၍ အင်တာနက်၊ ဖေ့စ်ဘွတ်ပေါ်တွင် ပုံစံအမျိုးမျိုးနှင့် တင်သည်အထိ မျက်နှာပြောင်တိုက်လာကြသည်ကို တွေ့ရ၏။

"အစရှိ အနောင်နောင်" ဆိုသည့် စကားရှိသည်။ တစ်ဦးစ နှစ်ဦးစကို ဥပေက္ခာပြုမိလျှင် ပို၍တိုးပွားလာပေလိမ့်မည်။ တစ်ဖွဲ့နှစ်ဖွဲ့၏ သရုပ်ပျက်မှုကို လျစ်လျူရှုလိုက်လျှင် ပို၍ပွဲကြမ်းလာနိုင်ပါသည်။ ပြီးခဲ့သည့် သင်္ကြန်တွင်း သရုပ်ပျက်တင်ဆက်ခဲ့သည့် ရေကစားမဏ္ဍပ်များအား အရေးယူမှုများရှိခဲ့သည်ကို တွေ့ရ၏။ ထို့အတူ မြန်မာမိန်းကလေး စင်စစ်ဖြစ်ပါလျက် ဣန္ဒြေသိက္ခာမဲ့၊ အရှက်အကြောက်ကင်းစွာ ကိုယ်လုံးပြနေသူများအားလည်း မထောက်မညှာ သတိပေးတားမြစ်ဖို့လိုပါသည်။ မိမိ၏ တစ်ကိုယ်ရေ လွတ်လပ်မှုဖြစ်သော်လည်း အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိပါးပွမ်းပဲ့စေမှုကို တာရှည်လျစ်လျူရှုမထားသင့်။

စင်စစ် ခေတ်ဆန်ခြင်း၊ ခေတ်မီခြင်းဆိုသည်မှာ ခေတ်နှင့်အပြိုင်လိုက်ကာ မဖွယ်မရာမှန်သမျှ လိုက်၍လုပ်ပြနေစရာမလိုပါ။ မြန်မာမှု မြန်မာ့ဟန်ဖြင့် ဆန်းသစ်တီထွင်နိုင်ပါသည်။ တစ်ကိုယ်လုံးပေါ်နိုင်သမျှ ဖော်နိုင်မှ နာမည်ကြီးမည်ဟူသည့် အယူအဆသည် ဟိရိဩတ္တပ္ပတရားရှိသော မြန်မာနိုင်ငံနှင့် သဟဇာတမဖြစ်နိုင်။ မည်သူကမျှလည်း လက်ခုပ်လက်ဝါးတီး၍ ကြိုဆိုထောက်ခံကြလိမ့်မည်မဟုတ်ပါ။

မြန်မာ့လူနေမှုစနစ်တွင် မောင်နှင့်နှမ၊ သားနှင့်အမိတွဲ၍ ကြည့်ရှုနိုင်ရပါမည်။ အရှက်တရား အကြောက်တရား ကင်းမဲ့သော လောကသည် အဟိတ်တိရစ္ဆာန်တို့၏ လောကသာဖြစ်သည်။ ယဉ်ကျေးသောလူ့အဖွဲ့အစည်းအား အရိုင်းအစိုင်းများ အသွင်မတင့်တယ်သော သရုပ်ပျက်မှုများဖြင့် အရောင်မဆိုးသင့်ပါ။ ရိုးရာယဉ်ကျေးမှု မွမ်းတီးပျက်သုဉ်းစေနိုင်ပါသည်။

မတင့်တယ်သော မြင်ကွင်းကို မတင့်ဟုလည်းကောင်း၊ ကိုယ့်အမျိုးသားယဉ်ကျေးမှုကို ကိုယ်တိုင်ဖျက်ဆီးရာရောက်နေသည်ဟု ထောက်ပြခြင်းသည် သက်ဆိုင်ရာနိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။ အထူးသဖြင့် ဤနိုင်ငံတွင်နေ၊ ဤရေကိုသောက်၊ ဤနိုင်ငံတွင် အသက်မွေးဝမ်းကြောင်းပြုနေသူမှန်သမျှ၏ တာဝန်သာဖြစ်ပါသည်။ ထိုသူတို့သည် တာဝန်သိသူများဖြစ်ကြပါသည်။ အမျိုးသားကောင်းများလည်း မည်ပါသည်။ တာဝန်ရှိလျက် တာဝန်မဲ့လုပ်ရပ်မျိုးကို မည်သည့်အခါမျှ မလုပ်ဆောင်မိဖို့ လိုသည်။

လောကတွင် အမှုကိစ္စပြုလုပ်တိုင်း ဝန်းကျင်အသိုင်းအဝိုင်းနှင့် သင့်တင့်လျောက်ပတ်စွာ စီမံဆောင်ရွက်နိုင်ဖို့ လိုပါသည်။ မိမိစီစဉ်ဆောင်ရွက်သမျှ အကောင်းချည်းဟု မှတ်ယူ၍မရနိုင်။ အများမြင်နှင့် ဖီလာဆန့်ကျင်ပြုနေလျှင် မိမိ၏လုပ်ဆောင်ချက်ကို ဓမ္မဓိဋ္ဌာန်ကျကျ ပြန်လည်ရှုမြင်သုံးသပ်ကြည့်ဖို့ လိုပါသည်။ "ငါ" မှ "ငါ" ဟူသည့် အတ္တမာနများ မင်းမူနေလျှင် မကြာမီ ကျဆုံးတတ်သည်ကို သတိချပ်သင့်၏။

ထို့ကြောင့် ကိုယ့်အမျိုးသားယဉ်ကျေးမှုကို ကိုယ်ကိုယ်တိုင် ထိန်းသိမ်းကြရပါမည်။ ကိုယ်တိုင်က သစ္စာဖောက်သူ မဖြစ်ကြရပါ။ တိုင်းတစ်ပါးယဉ်ကျေးမှုအား တိုးတက်မှုအသွင်ဖြင့် တစ်စတစ်စသွတ်သွင်းနေကြလျှင် အမျိုးသားယဉ်ကျေးမှုလျော့ပါး ပျောက်ကွယ်သွားနိုင်ပါသည်။ ယဉ်ကျေးမှုအောက်ကျလျှင် လူမျိုးလည်း ပျောက်ကြပါလိမ့်မည်။ တိုင်းတစ်ပါးယဉ်ကျေးမှု အလွန်အမင်းကူးစက်ခံနေရခြင်းဖြင့် မိမိတို့၏ အိမ်နီးချင်းနိုင်ငံအချို့ မည်သို့သောနိုင်ငံအဖြစ်ပုံရိပ်ထင်နေပါသနည်း။ မိမိတို့နိုင်ငံကို ဤသို့သောနိုင်ငံမျိုးဖြစ်စေလိုသည်လား။ အသွင်ပြောင်းနေကြသူများရှိနေကြပြီလား။ တံခါးဖွင့်ထားလျှင် လေကောင်းလေသန့်နှင့်အတူ အမှိုက်သရိုက်များ ပါလာတတ်ပါသည်။ အချိန်မီတားနိုင်ဆီးနိုင် အရေးယူနိုင်ပါမှ တန်ကာကျပါလိမ့်။ သို့မဟုတ်လျှင် အမျိုးသားယာဉ်ကျေးမှု "ဘယ်လဲ ဘာလဲ" ဟူသော မေးခွန်းများ ပိုမိုကျယ်လောင်လာပါလိမ့်မည်ဖြစ်ပါကြောင်း. . .။

သင်္ကြန်ရေကစားသူများထံမှ ဟန်းဖုန်းများ ခိုးယူရောင်းစားသူအား အရေးယူ

မန္တလေး၊ မေ ၂၄

အောင်ပင်လယ်ရဲစခန်း (ပ)၁၆၅/ ၂၀၁၄ ပြစ်မှုပုဒ်မ ၃၇၉/၅၄ အမှုမှ တရားခံကျော်မင်းနိုင်(ခ)ဂျိမ်း ၁၇ နှစ် ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နေသူအား ထပ်မံစစ်ဆေးရာ ဧပြီ ၁၅ ရက် နံနက် ၁၀ နာရီက ကန်သာယာ ရပ်ကွက် ၅၈ လမ်းနှင့် ၅၉ လမ်းကြား သိပ္ပံလမ်းတွင် ရေကစားနေသည့် အမျိုးသားတစ်ဦးထံမှ HUAWEI G-၇၃၀ ဟန်းဆက်တစ်လုံးအားခိုးယူခဲ့ပြီး ထွန်းတုံးရပ်ကွက်နေ ရန်ရှင်းထံကျပ် တစ်သိန်းဖြင့် ရောင်းချထားကြောင်း သိရသဖြင့် သက်သေခံပစ္စည်းအား သိမ်းဆည်းပြီး ဧပြီ ၂၁ ရက်တွင် အောင်ပင်လယ်ရဲစခန်းက (ပ)၁၆၆/ ၂၀၁၄ ပြစ်မှုပုဒ်မ ၃၇၉/၅၄ ထပ်မံအမှုဖွင့်အရေးယူထားသည်။

၎င်းသည် ဧပြီ ၁၆ ရက်ကလည်း ကန်သာယာရပ်ကွက် ၅၅လမ်းနှင့် ၅၆ လမ်းကြား မနော်ဟရီလမ်းတွင် ရေကစားနေသည့် အမျိုးသားတစ်ဦးထံမှ HUAWEI Y-၆၀၀ ဟန်းဆက်တစ်လုံးအား ခိုးယူပြီး ထွန်းတုံးရပ်ကွက်နေ ရန်ရှင်းထံ ကျပ် ၈၀၀၀၀ ဖြင့် ရောင်းချထားကြောင်း သိရသဖြင့် အောင်ပင်လယ်ရဲစခန်းက အမှုဖွင့်ထားသည်။ **မောင်ပြည်သူ(မန္တလေး)**

MTI MYANMAR THAMES INTERNATIONAL
Marketing Management
2nd Fl, Myaynigone Plaza. Ph: 525971,501450,706740, 0973147379

MASTER စားသောက်ကုန်သင်တန်း
Jelly Candy
Aloe Vera

GETC
Taught by well-qualified & experienced
Native & Local Instructors
Communicative English
General English
IELTS
Foundation English Program
Business English
Opening in May
Special Discount!
537895,502775
549590
www.getc-languageschool.com

KBZ Industries Ltd.,
ကျောက်မီးသွေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
KBZ Industries Ltd
Strand Condo

သိမ်၊ ကျောင်း၊ ဘုရားအကာအရံများကြပါ

ကိုးဘွဲ့ရကျောင်း တွင် သိမ်ဆောက်၊ ကျောင်းဆောက်၊ ဘုရားစေတီ တည်နေပါသဖြင့် ...

ကိုးဘွဲ့ရကျောင်း- (၄၂)မြောက်ရပ်

ဖုန်း - ၀၉ ၄၂ ၁၁ ၄၃ ၃၅၊ ၀၉ ၂၁၁၀ ၃၀၅

ခင်မြို့သစ်

Ph : 09-73121112
09-420064446

မိုး

MCC.i School of Multimedia & Creative Arts

အနုပညာကွန်ပျူတာ ဒီပလိုမာသင်တန်း

DIPLOMA IN COMPUTER ARTS (Dip.CA)

လျှောက်လွှာခေါ်ယူခြင်း

၂။ သင်တန်းများ
Specialized in "Character Animation & Advanced Media"

Semester (1,2)
- Graphic Production for Exporting any Media
- Video/Audio Production, Motion Graphics & Visual Effects
- Character Animation & Advanced Media

Specialized in "Multimedia & Infocom Technology"

Semester (1,2)
- Graphic Production for Exporting any Media
- Rich Media Content Creation, Interactive TV & Streaming Video
- Multimedia & Information Communication Technology

တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်)
(၄၂)ကြိမ်မြောက် အဓိဋ္ဌာန်ပွဲဖွင့်မည်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ကြွရောက်၍ (၄၂)ကြိမ်မြောက် သတိပဋ္ဌာန်ဝိပဿနာ (၇)ရက်အဓိဋ္ဌာန်ပွဲကို ပထမပတ် ၂၀၁၄ခုနှစ်၊ မေလ၁ရက် ညနေမှ ၈ရက် နံနက်ထိ၊ ဒုတိယပတ် မေလ ၈ရက်ညနေမှ ၁၅ရက် နံနက်ထိ၊ တတိယပတ် မေလ ၁၅ရက် ညနေမှ၂၂ရက် နံနက်ထိ ဟောကြားပြသပါမည်။ တရားအားထုတ်လိုသော ပုဂ္ဂိုလ်များသည် ရိပ်သာဖုန်း (၆၃၈၀၈၈၊ ၀၉-၄၀၁၆၀၃၅၄၆)နှင့် ကပ္ပိယကာရကအဖွဲ့ဝင်များထံ ကြိုတင်စာရင်းပေးနိုင်ကြပါသည်။

ကပ္ပိယကာရကအဖွဲ့

မင်္ဂလာဦးဆွမ်းကျွေးနှင့်မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ ၂၇-၃-၂၀၁၄ရက် မဟာသန္တိသုခသာသနာပြုကျောင်းတော်ကြီးတွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးနှင့် ၆-၄-၂၀၁၄ရက် Chatrium Hotel (Grand Ballroom)တွင် ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲအခမ်းအနားတို့အား အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ ရှေးဦးပထမအနေဖြင့် နှစ်ဖက်မိဘများဖြစ်သော ဖေဖေ ဒုတိယဗိုလ်မှူးကြီးကျော်သန်း(ငြိမ်း)နှင့်မေမေ ဒေါ်သန်းသန်းဟန်၊ ဖေဖေ ဦးငွေးလွင်(Multigate Corporation Korea)နှင့် မေမေ ဒေါ်သီသီခိုင်တို့အား ဂါရဝတရားဦးထိပ်ပန်ဆင်၍ အထူးကျေးဇူးတင်ရှိပါသည်။ ကြီးကြီး ဒေါ်တင်တင်ဝင်း(ဌာနခွဲမှူး၊ YCDC)ငြိမ်းနှင့်ကိုကြီး Dr. စည်သူနိုင်မင်းနှင့်မမအိအိလွင်၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော မင်္ဂလာတောင်ညွန့်မြို့နယ်တရားသူကြီးဦးမျိုးမြင့်ဝင်း၊ မဟာသန္တိသုခသာသနာပြုကျောင်းတော်ကြီးတွင်ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးအားတက်ရောက်ချီးမြှင့်ပေးသောဆွေမျိုး၊ မိတ်သင်္ဂဟများအားလည်းကောင်း၊ မိတ်ကပ်၊ မင်္ဂလာဝတ်စုံနှင့် ပန်းအလှကိုဘိတ် Chatrium Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးဦးထင်ဇော်ဝင်း(ငြိမ်း) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ကော်မတီဝင်)နှင့်ဇနီးဒေါ်ခင်ခင်အေးချို၊ မင်္ဂလာပန်းလက်ကောက်အားချီးမြှင့်ပေးသော ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ကုန်ထုတ်ဓာတုဗေဒဌာနမှ ပါမောက္ခ Dr. ဦးညွန့်စိုးနှင့်ဇနီး Dr. ဒေါ်ဇင်မိုးမိုး၊ မင်္ဂလာပွဲသို့တက်ရောက်ချီးမြှင့်ပေးပါသော စစ်ဘက်၊ နယ်ဘက်မှအရာရှိကြီးများ၊ တေဇ(၈)မှ ဖေဖေ့သူငယ်ချင်းများ၊ Mr. Young Jin Ko(Multigate Corporation Korea)နှင့် လုပ်ဖော်ကိုင်ဖက်များ၊ ဖေဖေ့သူငယ်ချင်းများ၊ ဆရာဝန်ဆရာကြီး၊ ဆရာမကြီးများ၊ ကုန်ထုတ်ဓာတုဗေဒဌာနမှ ပါမောက္ခဌာနမှူး၊ ဆရာမကြီးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆရာ၊ ဆရာမများနှင့်လုပ်ဖော်ကိုင်ဖက်များ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသံသာများဖြင့်သီဆိုပေးပါသော The Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲမသီရိ၊ မင်္ဂလာပန်းလက်ကောက်ခြင်းကိုင်မပြည့်ပြည့်ဖြိုး၊ မင်္ဂလာလက်စွပ်ခြင်းကိုင်မဝေနှင်းသူ၊ မင်္ဂလာသတို့သားအရံ Dr. ထွန်းလင်းအောင်၊ Dr. ထက်ဉာဏ်လင်း၊ မင်္ဂလာသတို့သမီးအရံ Dr. အေးမြတ်မြတ်ခိုင်၊ Dr. အေးမြရတနာ၊ ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းတင်ပေးပါသော Forever Eternal Flower ပန်းဆိုင်၊ လင်းလင်း (Makeup-Artist)နှင့် LFL Co.,Ltd၊ မြတ်သုခဆေးခန်းနှင့်ဆေးဝါးမိသားစုဝင်များနှင့် လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ဆွေမျိုး၊ မိတ်သင်္ဂဟများအားလည်းကောင်း၊ Chatrium Hotel နှင့်မဟာသန္တိသုခမှဝန်ထမ်းများ၊ ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှပိုင်းဝန်းကူညီပေးပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့်သူငယ်ချင်းများ ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာကျော်ရဲဝင်း-မလတ်လတ်လွင်
မြတ်သုခ(ဆေးခန်းနှင့်ဆေးဝါး)၊ (သရုပ်ပြ၊ ကုန်ထုတ်ဓာတုဗေဒ၊ EYU)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေလောင်းလမ်း၊ တိုက်အမှတ်(၅၀)၊ ၆လွှာဟုခေါ်တွင်သော တိုက်ခန်းနေထိုင်သုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဦးမိုးဇော်သူ[၉/ကပတ(နိုင်)၀၀၀၉၁၄]နှင့် ဒေါ်ဖြူလဲ့ပိုင်[၁၂/မဂဒ(နိုင်)၀၈၅၇၄၃]တို့ထံမှ ကျွန်ုပ်မှဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဒေါ်နီနီအောင်[၁၂/လမတ(နိုင်)၀၂၇၂၈၄]
ဖုန်း-၀၉-၇၃၁၁၇၇၈၇၊ ၀၉-၇၃၀၉၃၃၃၉

အများသိစေရန် အသိပေးကြေညာချက်

